| |
|---|
| **မြတ်ဗုဒ္ဓ၏အဆုံးအမတရား** |
| သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ |
| ဓမ္မပဒ |

# မြဝတီ နေ့စဉ်

**ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**
- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ မေ ၈ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က လျှောက်လမ်း၏ဘေးတစ်ဖက်တစ်ချက်စီတွင်ခြံရံ၍ နိုင်ငံတော်အဆင့်ကြိုဆိုစဉ်။

နေပြည်တော် မေ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှထွက်ခွာသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ ★**



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၈ ရက်)

# လူသားချင်းစာနာထောက်ထား တို့ကြက်ခြေနီများ

ကြက်ခြေနီဟူသောစကားလုံးလေးကိုကြားသိလိုက်ရသည်နှင့် နှလုံးသားတွင် လူသားတို့ကို ကောင်းကျိုးပြုသူများဟုမှတ်ယူကြသည်။ ကြက်ခြေနီအသင်း၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ဘေးဒုက္ခရောက်သူတို့ကို ကူညီကယ်ဆယ်စောင့်ရှောက်သောအသင်း" ဟူ၍ဖော်ပြထားသည်။ ကြက်ခြေနီအသင်းပေါ်ပေါက်လာပုံသမိုင်းမှာလည်း လူသားတို့၏ဘေးဒုက္ခကိုကယ်တင်စောင့်ရှောက်ရာမှ ဖြစ်ပေါ်လာသည့်အသင်းတစ်ခုဖြစ်သည်။ နှစ်စဉ်မေလ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့ဟုသတ်မှတ်ဂုဏ်ပြုနေသည်မှာ မေလ ၈ ရက်သည် ကြက်ခြေနီလှုပ်ရှားမှုကို အစပြုပေးခဲ့သည့် ဟင်နရီဒူးနန့်၏မွေးနေ့ဖြစ်သည်။ ကြက်ခြေနီလှုပ်ရှားမှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်သည့်အခါ ၁၈၅၉ ခုနှစ် ဆိုဖာရီနိုစစ်မြေပြင်က အစပြုခဲ့သည်။ ထိုစဉ်က ဟင်နရီဒူးနန့်သည် ခရီးသွားလာရင်း အဆိုပါစစ်မြေပြင်သို့ရောက်ရှိခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာနှစ်ဖက်စလုံးမှ သေဆုံးသူများ၊ ဒဏ်ရာရသူများကို သနားကြင်နာသောစိတ်ဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ထိုမှအစပြု၍ ကြက်ခြေနီအသင်းများပေါ်ပေါက်လာကာ လူသားတို့ကောင်းကျိုးကို စေတနာဖြူစင်စွာသယ်ပိုးဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ လူမှုရေးအသင်းတစ်သင်းအဖြစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သည်။ အသင်း၏ရည်ရွယ်ချက်မှာ "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်အောင်မြင်စေရန်အတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါတားဆီးရန်၊ ဘေးဒုက္ခရောက်သူများကို ကူညီရန်ဟူသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် လူတို့ကြောင့်ဖြစ်သောဘေး၊ သဘာဝကြောင့်ဖြစ်သောဘေးတို့ တွေ့ကြုံရလေတိုင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့နှင့်အတူ အစဉ်အမြဲရှိနေသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုကူညီရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့်အတွက် ဘေးဒုက္ခကြုံတွေ့သည့်နေရာတိုင်းတွင် အချိန်အခါမရွေးသွားလာနိုင်ခွင့်ရှိသည်။ စေတနာ့ဝန်ထမ်းလုပ်အားရှင်များကိုအခြေခံကာ ဖွဲ့စည်းထားသည့်အသင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာစိတ်၊ ကြင်နာသနားစိတ်၊ ရိုင်းပင်းကူညီလိုစိတ်၊ ထောက်ပံ့ပေးကမ်းလိုစိတ်များဖြင့် ပြည့်စုံသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ဆောင်ရွက်ချက်များကို နိုင်ငံတော်အနေဖြင့်လည်း အစဉ်တစိုက်အသိအမှတ်ပြုအားပေးလျက်ရှိသည်။ ၁၉၅၉ ခုနှစ် အက်ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ခေတ်စနစ်နှင့်ညီအောင်ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်နိုင်သော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် လူထုအခြေပြုအဖွဲ့အစည်းတစ်ခုအဖြစ် ဥပဒေနှင့်အညီ တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုများ၏ဥပဒေများအရ လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို နိုင်ငံတော်၏အရန်အင်အားအဖြစ် ရပ်တည်ဆောင်ရွက်ရန် ဥပဒေနှင့်အညီ အသိအမှတ်ပြုထားခြင်းဖြစ်သည်။

ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုများတွင် အခြေခံအားဖြင့်မူ(၇)ချက်ရှိသည်။ ယင်းတို့မှာ လူသားချင်းစာနာထောက်ထားခြင်း၊ ကြားနေခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း၊ ခွဲခြားမှုမရှိခြင်း၊ လွတ်လပ်ခြင်းနှင့်စည်းလုံးညီညွတ်ခြင်းတို့ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လူမှုဒုက္ခများကိုတားဆီးရန်နှင့်ကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန် ဆောင်ရွက်သည်။ စစ်ပွဲများ၌လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှုမရှိဘဲ ကြားနေသည်။ လုပ်ငန်းဆောင်ရွက်မှုတိုင်းအတွက် အကျိုးအမြတ်ရရှိရေး ဆန္ဒအလျဉ်းမရှိသော စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးလှုပ်ရှားမှုဖြစ်သည်။ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုသည် ကမ္ဘာတစ်ဝန်းတွင် လှုပ်ရှားဆောင်ရွက်နေခြင်းဖြစ်သည်။ လူသားတစ်ဦးချင်းစီ၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆောင်ရွက်ရာတွင် နိုင်ငံသား၊ လူမျိုး၊ ဘာသာရေးယုံကြည်မှု၊ လူတန်းစား၊ နိုင်ငံရေးခံယူချက်တို့နှင့်ပတ်သက်၍ ခွဲခွဲခြားခြားမပြုပါ။

ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုတိုင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၏အရန်အင်အားသဖွယ်ဆောင်ရွက်ပြီး နိုင်ငံ၏ဥပဒေများကို လေးစားလိုက်နာလျက် လွတ်လပ်မှုကိုထိန်းသိမ်းသည်။ မည်သည့်အဖွဲ့အစည်းမဆို စည်းလုံးညီညွတ်မှုသည် လွန်စွာအရေးကြီးသည့်အတွက် ကြက်ခြေနီ သို့မဟုတ် လခြမ်းနီအသင်းများသည် စိတ်ကောင်း၊ စေတနာကောင်းဖြင့် အချင်းချင်းရိုင်းပင်းကာ စည်းလုံးညီညွတ်စွာဆောင်ရွက်ကြသည်။ ကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်ရှိနေရမည့် လူမှုကူညီရေးအသင်းတစ်ခုဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများနှင့်အညီ လူသားတို့ကောင်းကျိုးကို သယ်ပိုးလိုစိတ်ရှိသူများ စဉ်ဆက်မပြတ်ပါဝင်နေကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ယနေ့တွင်ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့၏ဆောင်ပုဒ်အတိုင်း **"လူသားချင်းစာနာထောက်ထား တို့ကြက်ခြေနီများ"** အဖြစ် ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# အစေ့ထုတ်ပြောင်းမျိုးပြန့်ပွားရေး ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်ဆွေးနွေး

**နေပြည်တော် မေ ၇**

အစေ့ထုတ်ပြောင်းမျိုးပြန့်ပွားရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များဆွေးနွေးခြင်း အစည်းအဝေးကို မေလ ၆ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(သီးနှံ)၊ ညွှန်ကြားရေးမှူးများနှင့် သုတေသနပညာရှင်များ၊ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ တာဝန်ရှိသူများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီ၊ New Asia Hi-Tech Seed Co.,ltd.၊ Top Partner Co.,ltd.၊ Agro Yadanar Co.,ltd.၊ Royal Farm Co.,ltd.၊ Avetine limited Co.,ltd. တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင်စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက မိမိတို့ဌာနသည် သုတေသနဌာနဖြစ်သည့်အတွက် မိဘလိုင်းသုတေသနများ ဖော်ထုတ်ထားရှိပြီး မျိုးစေ့ထုတ်လုပ်သော ဌာနမဟုတ်သည့်အတွက် သုတေသနဌာနမှ သုတေသနပြုလုပ်ကာ ရရှိလာသော(မိဘလိုင်း) မျိုးသစ်များကို တောင်သူများထံ အချိန်တိုအတွင်း ရောက်ရှိစိုက်ပျိုးနိုင်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန် မျိုးစေ့ထုတ်ကုမ္ပဏီများနှင့်ပူးပေါင်းကာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ အခြားနှံစားသီးနှံသုတေသနဌာနစုမှ ဒေါက်တာခင်ငြိမ်းချမ်းက ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပြောင်းဖူးမျိုးများ ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်အသေးစိတ်ကို ရှင်းလင်းတင်ပြကြောင်းသိရသည်။

**ဇော်မျိုး(မြဝတီ)**

# နွေစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ မေ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆည်ရေ၊ ကန်ရေဖြင့် နွေစပါးသီးနှံ စိုက်ကေ ၄၈၇၁ ကေ စိုက်ပျိုးနိုင်ခဲ့ရာ စိုက်ပျိုးထားသည့် နွေစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့၌ ဆည်ရေ၊ ကန်ရေအပြင် စက်ရေတွင်းများဖြင့် နွေစပါးသီးနှံစိုက်ပျိုးနိုင်ရေး လျာထားပြီး စိုက်ပျိုးလျက်ရှိသည်။ ထိုသို့စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်၊ သင်ပုန်းဆည်၊ မင်းလှကန်၊ စမုံဆည်၊ ကင်းတားဆည်၊ တောင်ပုလုကန် ပုဂ္ဂလိကဆည်၊ ဆိုလာရေတင်နှင့် လျှပ်စစ်ရေတင်တို့ဖြင့် မိတ္ထီလာမြို့နယ်၌ နွေစပါးစိုက်ကေ ၇၀၈ ကေ၊ မလှိုင်မြို့နယ်၌ နွေစပါးစိုက်ကေ ၁၆၉ ကေ၊ သာစည်မြို့နယ်၌ နွေစပါးစိုက်ကေ ၆၉၅ ကေနှင့် ဝမ်းတွင်းမြို့နယ်၌ နွေစပါးစိုက်ကေ ၃၂၉၉ ကေတို့ကို စိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါနွေစပါးစိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံ၍ အထွက်နှုန်းကောင်းသည့် မျိုးစေ့၊ စိုက်နည်းစနစ်၊ ရေပေးနိုင်မည့်အခြေအနေများ၊ သီးနှံကာကွယ်ဆေးနှင့် ဓာတ်မြေဩဇာ ထည့်သွင်းခြင်း၊ လယ်မြေပြုပြင်ခြင်းလုပ်ငန်းများ စသည့်စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးဆွေးနွေးခြင်းနှင့် စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းခြွေလှေ့ချိန်အထိ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၀၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၅-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဖေ။'ကြားလိုက်သလိုလိုပဲဗျို့၊ ဆိုစမ်းဗျာ'

သင်း။ 'ကျုပ်တို့ အခုထိုင်ကြတဲ့နေရာမှာထိုင်ပြီး ထမင်းစားနေတုန်း ထုပ်ပေါ်က ဆံပင်ဖားလျားနဲ့ ဆောင့်ကြောင့်ထိုင်ပြီး လျှာကြီးတွဲလောင်းချပြလိုက်တာ ကြမ်းနဲ့ထိရောတဲ့ဗျ။ တောအုပ်လန့်ဖျားလိုက်တာ ငါးရက်နဲ့သေရှာရောဗျာ။'

ထိုအခါ ကိုသိန်းဖေကား ကိစ္စမရှိလှ။ ကျွန်ုပ်မူကား မိမိကိုယ်ကို အံ့သြလျက်ရှိလေပြီ။ ကမ်းနီရွာအပြင်ဘက် အုတ်ဇရပ်ကြီးတွင် ရဟန်းအဖြစ်နှင့် တစ်ပါးတည်းနေခဲ့စဉ်က တစ္ဆေခြောက်သော်လည်း ကြောက်လိမ့်မည်မဟုတ်ဆိုကာ သုသာန်စူတင်ပင် တစ်ဆင့်တက်ဖို့ စိတ်ကူးခဲ့မိကြောင်းဖော်ပြခြင်းကို သတိရကြပေလိမ့်မည်။ ထိုအချိန်နှင့် ယခုအချိန်သည် သုံးနှစ်မျှသာ ကွာသေး၏။ သို့နှင့် ကျွန်ုပ်သည် တစ္ဆေခြောက်ပုံအကြောင်းပြော၍ ကြားရရုံမျှဖြင့် ကျောထဲက စိမ့်ခနဲဖြစ်သွား၏။ သီလ၊ သမာဓိတို့၏ တန်ခိုးသတ္တိသည် အဟုတ်တကယ် ကြီးကျယ်ပါပေသည်တကား။ လွန်ခဲ့သောသုံးနှစ်ခန့်က တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ် လှန့်ချင်တိုင်းလှန့်၍ မလန့်သောကျွန်ုပ်သည် ယခုအခါ၌ လူတွေလည်းရှိသည်၊ အရက်ကလည်း သောက်ထားသည်။ သို့နှင့်လည်း သွေးလန့်သည့်အထိမ်းအမှတ်မျိုးတွေ့နေရလေပြီ။ နက်နဲစွာဆန်းစစ်လိုက်သည်ရှိသော် ဗုဒ္ဓဃောသမှ ဖေသိန်းဖြစ်လာသည်မှန်သော်လည်း (အရပ်အခေါ်အားဖြင့်) ဤရုပ်နှင့် ဤစိတ်ပင်ဖြစ်ပါ၏။ ခြားနားချက်ကား ဗုဒ္ဓဃောသအဖြစ်၌ ကိုယ့်စိတ်ကိုကိုယ်ယုံကြည်သလောက် ဖေသိန်းအဖြစ်၌ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့ခြင်းပင်ဖြစ်လေသည်။ သို့သော် အလွန်ကြောက်ခြင်းကား မဟုတ်ပါ။ စိမ့်ခနဲဖြစ်သွားရခြင်းကိုပင် ကိုယ့်ဟာကိုယ်မကျေနပ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၌ စဉ်းစားဉာဏ်ဆုတ်ယုတ်လာသည်ကား မဟုတ်။ သီလ၊ သမာဓိဆုတ်ယုတ်လာခြင်းပင်ဖြစ်လေရာ ဤသည်မှာ စဉ်းစားဉာဏ်ရှိသည်ဆိုရုံနှင့်မပြီးကြောင်း ထင်ရှားစေသော သာဓကတစ်ခုဖြစ်ပါသည်။

**တစ္ဆေခြောက်ခြင်းပေလော**

ဗိုလ်တဲကလေးပေါ်၌ ကျွန်ုပ်တို့လူစုသည် ဝိုင်းဖွဲ့ကာ စကားပြောလျက်ရှိကြရာ စကားဝိုင်းတို့၏ ထုံးစံအတိုင်း တစ္ဆေအကြောင်းကို စမိလျှင် တစ္ဆေအကြောင်းကိုချည်း ဆက်လက်၍ တစ်ယောက်ပြီးတစ်ယောက် မိမိတို့၏ကိုယ်တွေ့နှင့် ကြားဖူးနားဝများကို ပြောပြကြလေရကား လူအားလုံးမှာ ချွတ်ခနဲမြည်လျှင် လန့်ချင်သောအခြေအနေမျိုးသို့ ရောက်နေကြလေပြီ။ ထိုခဏ၌ ဗိုလ်တဲ၏ ဝါးထရံတစ်ဖက်ကို 'ဖြုန်း၊ ဝုန်း၊ ဒုန်း၊ ဒိုင်း'မြည်အောင် ခဲများဖြင့်ထုသံကြားရရုံမျှမက မြေဆိုင်ခဲအပဲ့အရွဲ့များပင် ကြမ်းပြင်ပေါ်သို့လိမ့်ဝင်လာကြ၏။ ထိုအခါ ချွတ်ချွတ်မြည်သံမကြားဝံ့အောင် တဖျပ်ဖျပ်လန့်လျက်ရှိသော ကျွန်ုပ်တို့လူစုမှာ ချွတ်ချွတ်မက မိုးချုန်းသလောက်ပြင်းထန်သော ဒုန်းသံများကြားကြရ၍ ခဲများ လိမ့်ဝင်လာခြင်းကိုပင်မြင်ကြရသည်တွင် (ဟန်ကောင်းသောလူများဖြစ်သောကြောင့် ထ၍မခုန်ကြရုံ) တစ်မယ်သာရှိတော့သည်။ ပထမ၌ မျက်နှာငယ်လေးများနှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်နေကြခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ သို့ရာတွင် နောက်တစ်ခဏ၌ ခရစ်ယာန်တစ်ယောက်ဖြစ်၍ တစ္ဆေကြောက်သက်သာပုံရသော ကိုသိန်းဖေသည် ထိုင်ရာမှထ၍ သေနတ်ကိုဆွဲသည်တွင်မှ ကိုဘသင်းကလည်း သေနတ်ကိုကိုင်လျက် ကြိမ်းမောင်းကြလေ၏။' မင်း တစ္ဆေလားကွ၊ တို့မကြောက်ဘူးဟေ့၊ သတ္တိရှိလာခဲ့စမ်းကွ၊ ဘာကွ၊ ညာကွ'နှင့် ငေါက်အော်ကာ ကြုံးဝါးကြ၏။ သို့ရာတွင် ခဲသံများလည်း မစဲ။ ခဲများလည်း ကြမ်းပြင်ပေါ်သို့ လိမ့်ဝင်လျက်ပင်ရှိကြသည်။ ဤတွင် အရက်မူးခြင်း မပြေတပြေရှိနေသေးသော ကိုဘသင်းက 'ဟေ့ မင်းတစ္ဆေလား၊ ခဲနဲ့ပေါက်မနေပါနဲ့ကွ၊ သတ္တိရှိ ဒီအပေါ်တက်ပြီး ကိုယ်ထင်ပြလာစမ်းပါကွ' စသည်ဖြင့် ချဲလင့်ချ်လုပ်သေး၏။ သို့သော် တစ္ဆေကားပေါ်မလာ၊ ခဲများသာလာလျက်ရှိ၏။ ဤသို့ဖြင့် ငါးမိနစ်လောက်ကြာမှ ခဲများ တဖြည်းဖြည်းရပ်စဲသွားပါတော့သည်။

**နေရာလုကြခြင်း**

ထို့နောက် ကျွန်ုပ်တို့သည် ကျန်ရှိသေးသော တောအရက်ကို ဝေငှ၍သောက်ကာ သတ္တိဖြည့်တင်းပြီးနောက် ထိုင်၍စောင့်နေကြ၏။ နာရီဝက်ခန့်ကြာသော်လည်း ဘာသံမျှ မကြားရတော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အိပ်ရာများ ပြင်ကြလေရာ အိပ်ဖို့နေရာရွေးကြပုံကို သတိရ၍ ဤစာကို ရေးရင်းပြုံးမိပါသေးသည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ဗိုလ်တဲမှာ နှစ်ဖက်တွင် အကာအရံမရှိသဖြင့် လုံခြုံမှုမရှိသောကြောင့် ဤအခြေအနေမျိုးတွင် ကြောက်စရာကောင်းခြင်းကား အမှန်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သုံးယောက်စလုံးမှာ ဤကိစ္စမျိုးတွင် ကြောက်သည်ဟု ဝန်မခံချင်သူများဖြစ်၍ အိပ်ရာပြင်ရာ၌ အလယ်မှနေရာရအောင် မသိမသာ ကြိုးစားလျက်ရှိ၏။ (တောခေါင်းကလေးများမူကား ခြေရင်း၌ တသီးတခြားအိပ်ကြသည်။) တောအုပ်နှစ်ယောက်နှင့် ကျွန်ုပ်သည် အလယ်ကောင်မှ အိပ်ချင်ကြသော်လည်း တမင်တကာ ရွေးယူခြင်းမျိုးမဟုတ်ဘဲ မတော်တဆ အလယ်ကောင်မှ နေရာယူရခြင်းဖြစ်သည့်နယ် ဟန်လုပ်ကာ အိပ်ရာပြင်ကြ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ဘွင်းဘွင်းသမားဖြစ်သည့်အတိုင်း ဤလူစုထဲတွင် ဟန်မလုပ်တော့ဟု အောက်မေ့ကာ 'ခင်ဗျားတို့က သေနတ်တွေနဲ့ဗျာ နံဘေးကအိပ်ကြ၊ ကျုပ်က အလယ်ကအိပ်မယ်'ဟု ပြောင်ပြောင်ပြောသည်တွင် သူတို့လည်း ရယ်မောကာ ဖယ်ပေးကြပါပေသည်။

အိပ်ရာသို့ဝင်ကြလေပြီ။ ကျွန်ုပ်ကား နာရီဝက်နှင့်လည်းအိပ်မပျော်၊ တစ်နာရီနှင့်လည်းအိပ်မပျော်။ ခြေထောက်ကိုလာ၍ ဆွဲမည်လောဟူသောအတွေးသည် ခဏခဏဖြစ်ပေါ်လျက်ရှိ၏။ သူတို့အားလုံးကား ငြိမ်လျက်ရှိနေကြလေပြီ။ ကျွန်ုပ်မူကား မျက်စိလည်း မမှိတ်ဝံ့၊ စောင်ကိုလည်း ခေါင်းမြီးမခြုံတတ်သည့်အတိုင်း ဖွင့်လျက်သား ကြောင်လျက်ရှိ၏။ ကြောက်စရာအတွေးများလည်း စိတ်ကူးရှိတိုင်း စုံနေလေပြီ။ ဤသို့ဖြင့် (ကျွန်ုပ်၏အထင်) တစ်နာရီခွဲခန့်ရှိသောအခါ "ဂွမ်း၊ ဂျုံး၊ ဂွင်း" မြည်သော အသံများကို အဝေး၌ကြားရ၍ ကျွန်ုပ် နားစွင့်လျက်ရှိ၏။ အသံများသည် ကြားသောနေရာ၌ ရပ်မနေဘဲ တဖြည်းဖြည်း တရွေ့ရွေ့ချဉ်းကပ်လာကြရာ ဗိုလ်တဲနှင့် ပေ ၂၀၀ လောက်သာ ကွာတော့သည်ထင်၏။ 'ဘာသံတွေပါလိမ့်'ဟု တွေးသော်လည်း မဖော်နိုင်။ တစ်နည်းပြောင်းပြီး တစ္ဆေခြောက်ပြန်ခြင်းပေလောဟု စဉ်းစားမိ၏။ နောက်ဆုံး၌ ကျွန်ုပ်တစ်ယောက်တည်း မခံမရပ်နိုင်တော့သည်နှင့် အဖော်ရစိမ့်သောငှာ "အဟမ်း"ဟု ချောင်းဟန့်လိုက်ရာ ဟိုက "အဟမ်း၊" သည်က "အဟမ်း" နှင့် တစ်ယောက်မကျန် ချောင်းဟန့်ကုန်ကြပါလေတော့သည်။ ဖြစ်ရပုံကား တစ်ယောက်မျှအိပ်မပျော်ဘဲ အကဲကြည့်ပြီး မြဲနေကြခြင်းမျှသာဖြစ်ကြောင်း သိကြရ၍ အားလုံးရယ်မောမိကြပါသေးသည်။ ဤတွင် ကျွန်ုပ်တို့အားလုံး ထထိုင်ကြ၍ အားလုံးကြားကြပြီးဖြစ်သော ဂျုံး၊ ဂွမ်းသံများကိုနားထောင်ကြရာ အသံများသည် ဗိုလ်တဲနှင့် ပေ ၁၀၀ ခန့်အကွာသို့ ချဉ်းကပ်လာပြီးနောက် တဖြည်းဖြည်းခွာသွား၍ အဝေးသို့ ရွေ့သွားပါလေတော့သည်။

**ကျွန်ုပ်တို့၏ တွေးထင်ချက်**

ကျွန်ုပ်တို့သည် မှန်အိမ်များထွန်း၍ ဤပြဿနာနှစ်ခုစလုံးကို ဖြေရှင်းရန် ကြိုးစားကြ၏။ စောစောပိုင်းက ခဲများဖြင့်ပေါက်ခြင်းမှာ မည်သူများဖြစ်လေသနည်း။ ရွာသားလူငယ်များ နောက်ပြောင်ခြင်းဖြစ်လေသလောဟု ကျွန်ုပ်ကအကြံပေးရာ ကိုဘသင်းက ရွာသားလူငယ်များသည် ဤဗိုလ်တဲ၏ နာမည်ကြီးခြင်းကိုလန့်ကြသဖြင့် ညအချိန်မဆိုထားဘိ၊ နေ့ဝင်ရီတရောအချိန်၌ပင် မလာဝံ့ကြကြောင်း၊ ရွာနှင့် ဗိုလ်တဲကြားတွင်လည်း သင်္ချိုင်းရှိသည်ဖြစ်၍ သင်္ချိုင်းဆိုလျှင် ကြောက်တတ်သော ရွာသားများသည် မည်သည့်နည်းနှင့်မျှ သင်္ချိုင်းကို ဖြတ်ကျော်ပြီး ဗိုလ်တဲသို့ လာဝံ့မည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့၌လည်း သေနတ်များပါရှိခြင်းကို သူတို့သိပြီးဖြစ်၍ ကျွန်ုပ်တို့အား ခြောက်လှန့်ပါက သေနတ်နှင့် ပစ်လိမ့်မည်ဟု သူတို့တွေးမိလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွာသားများ နောက်ပြောင်ခြင်း မဟုတ်တန်ရာ။ လျှာထုတ်ပြသောသရဲနှင့် ၎င်းကိုလန့်ပြီး သေရသော တောအုပ်တို့နှစ်ဦးပေါင်းပြီး ခဲများဖြင့် ပစ်ကြခြင်းဖြစ်တန်ရာသည်ဟု ပြောရာ ကျွန်ုပ်တို့လည်း ဘာမျှပြန်မပြောနိုင်ဘဲ ရှိကြပါတော့သည်။ **ဆက်လက်ဖော်ပြပါမည်။**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်



မင်းဘူး မေ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာလုပ်ကိုင်လာနိုင်စေရန်နှင့် ကျွမ်းကျင်လုပ်သားများပေါ်ပေါက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၆ ရက်က ဇီးဖြူကုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်ကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို မေလ ၆ ရက်မှ ဇွန်လ ၁၉ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဇင်မာ

# မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တွေ့ဆုံ

မန္တလေး မေ ၇

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ငလျင်ဒဏ်သင့်ရုံးများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကိုတွေ့ဆုံအားပေးစကားပြောကြားသည်။






ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်း၊ အမရပူရနှင့်မန္တလေးမြို့တို့ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိရုံးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုနှင့် ရုံးတက်ရောက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ထမ်းများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ မိသားစုစိတ်ထားဖြင့် ကြုံတွေ့နေရသောအခက်အခဲများကို လက်တွဲပူးပေါင်းဖြေရှင်းကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်က ထိတွေ့ပေါင်းစပ်ဆောင်ရွက်ပေးကြရန်၊ ထိခိုက်ပျက်စီးမှုကြောင့် ဝန်ထမ်းများ၏ ကိုယ်၊ စိတ်ခံစားရမှုများကို အားပေးကူညီရန် အလေးထားမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်အတူ မန္တလေးမြို့ရှိ တိုင်းအခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းအကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းပင်စင်ဦးစီးဌာနရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပံ့ပိုးပေး၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# စာမေးပွဲပြန်လည်ဖြေဆိုမည့်သူ ၉၄ ရာခိုင်နှုန်းရှိ၊ ကျန်ရှိသည့် ၆ ရာခိုင်နှုန်းကိုလည်း စာမေးပွဲဖြေဆိုနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မှာကြား

နေပြည်တော် မေ ၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စခန်းသွင်း သင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့်အခြေခံပညာ ဆရာ၊ ဆရာမများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်သည် မည်သူမျှ မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုဖြစ်ကြောင်း၊ ယင်းအခြေအနေမှ ရုန်းထပြီး စာသင်ခန်းထဲသို့ ရောက်ရှိလာသည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်နှင့် ယုံကြည်ချက်၊ မိဘများ၏ ဖေးမအားပေးမှု၊ ဆရာ၊ ဆရာမများ၏ အားကြိုးမာန်တက် သင်ပြသွန်သင်မှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ၏ စနစ်တကျစီမံဆောင်ရွက်ပေးမှုတို့ကို အသိအမှတ်ပြုချီးကျူးကြောင်း၊ ယင်းကဲ့သို့ စိတ်ဓာတ်များဖြင့် ကြုံတွေ့လာရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြမည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Grade –12 စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုပြီးမြောက်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ တိုင်းပြည်နှင့်လူမျိုး၊ အမျိုးဘာသာသာသနာအတွက် အကျိုးပြုမည့်အနာဂတ်ခေါင်းဆောင်ငယ်များ ဖြစ်လာမည်ဟု ယုံကြည်ကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကိုဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ၊ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့်သူ ၉၄ ရာခိုင်နှုန်းအထိရှိသည်ကို သိရပြီး ကျန်ရှိသည့် ၆ ရာခိုင်နှုန်းကိုလည်း စာမေးပွဲဖြေဆိုနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် မန္တလေးမစိုးရိမ်ကျောင်းတိုက်တွင် ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းတိုက်အခြေအနေတို့ကို သွားရောက်ကြည့်ရှု၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တာဝန်ရှိသူများနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးငလျင်ကြီးကြောင့် သေဆုံး၊ ဒဏ်ရာရ ဝန်ထမ်းများနှင့်မိသားစုဝင်များအား ထောက်ပံ့ငွေကျပ် ၃၉၈ သိန်းနှင့် ပစ္စည်း ၁၇ မျိုးပေးအပ်

နေပြည်တော် မေ ၇

မန္တလေးငလျင်ကြီးကြောင့် သေဆုံး၊ ဒဏ်ရာရဝန်ထမ်းများနှင့်မိသားစုဝင်များ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန့်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အားပေးစကားပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုမည့် ဝန်ထမ်းများ၏ သားသမီး ၁၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၇၅ သိန်းထောက်ပံ့ပေးသည်။

ထို့နောက် သေဆုံးဝန်ထမ်းတစ်ဦးနှင့် မိသားစုဝင်ရှစ်ဦး၊ ဒဏ်ရာရ ဝန်ထမ်းတစ်ဦးနှင့် မိသားစုဝင်နှစ်ဦး၊ တိုက်ပိခံရသည့် ဝန်ထမ်းအိမ်ထောင်စု ၂၂ စုတို့အတွက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဒါန်းထောက်ပံ့ငွေကျပ် ၃၂၃ သိန်းနှင့် အိမ်သုံးပစ္စည်း ၁၇ မျိုးဖြစ်သော စောင်၊ စတီးပန်းကန်များ၊ စတီးဇလုံ၊ စတီးရေခွက်၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခဲ (ကြမ်း)၊ ဟန်းဂျယ်၊ ဆပ်ပြာအမွှေးခဲ၊ ထမင်းချက်ဒယ်အိုး၊ ဟင်းချက်ဒယ်အိုး၊ ပလတ်စတစ်ဇလား၊ စတီးထမင်းစားဇလုံ၊ စတီးဇွန်း၊ စတီးဟင်းထည့်ပန်းကန်နှင့် ကိုင်းခြင်းထောင်တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



ယနေ့ ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၃၉၈ သိန်းနှင့် လှူဒါန်းပစ္စည်း ၁၇ မျိုးတို့ကို ဝန်ကြီးရုံးနှင့် ဦးစီးဌာန သုံးခုတို့မှ ဝန်ထမ်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြိတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

မြိတ် မေ ၇


တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ စလွန်းကျေးရွာနှင့် မင်းသန်းကျေးရွာတို့၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးခြင်းကို မေလ ၇ ရက်တွင် စလွန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၅၅၅ သိန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စလွန်းကျေးရွာနှင့် မင်းသန်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးအတွက် ငွေကျပ် သိန်း ၄၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၈၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၅၅ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**




# ရွှေတောင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရွှေတောင် မေ ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရှိပြီး စာပေနှင့်ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ အသိပညာပေး ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေချစ်မြတ်နိုးသူများအသင်း Book Club ဥက္ကဋ္ဌ ဒေါ်ခင်ယုနိုင် (အေပရယ်ယုနိုင်ရွှေတောင်)က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကဗျာပြိုင်ပွဲနှင့်စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။**ကိုကိုမင်း(ပြန်/ဆက်)**



# ရေနံချောင်းမြို့နယ် ရှားတပင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်

ရေနံချောင်း မေ ၇

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ရှားတပင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းကို မေလ ၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်မင်းနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက ရှားတပင်ကျေးရွာ၌ သဘာဝမြေသြဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သဘာဝမြေသြဇာပြုလုပ်နည်းများကို လက်တွေ့သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်မင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှားတပင်ကျေးရွာမှ သင်တန်းသား၂၀ ဦးတို့တက်ရောက်ကြပြီး သင်တန်းကို မေလ ၆ရက်မှ ၈ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နော်လူး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း အုန်းသီးအလုံး ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



မော်လမြိုင်ကျွန်း မေ ၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ဒေသထွက် အုန်းသီးအလုံး ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချို၏ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း အုန်းသီးအလုံး ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ဧပြီလထဲမှာ အုန်းသီးတွေ ဝယ်လိုအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့လထဲမှာ အုန်းသီးအလုံး ၇၅၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလည်း အုန်းသီးတွေ ဝယ်ယူဖို့ချိတ်ဆက်ထားပါတယ်။ ဒေသထွက် အုန်းသီးတွေ ဝယ်လိုအားကောင်းလာတဲ့အတွက် စိုက်ပျိုးသူတွေ ဝင်ငွေရရှိပြီး အဆင်ပြေနေပါတယ်" ဟု ဒေါ်ချိုချိုကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ အုန်းခြံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**သုတကျော်**

# အာဆီယံမီဒီယာချန်နယ်များ၏ ထိရောက်သည့်သတင်းတင်ဆက်မှုများကြောင့် ပြည်သူများ၏လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်သူများကသတိပြုမိစေကာ နိုင်ငံတကာနှင့် ဒေသတွင်းပံ့ပိုးကူညီမှုများရရှိအောင် လုပ်ဆောင်ပေးနိုင်

## (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

ဘန်ဒါဆရီဘီဂါဝမ် မေ ၇

(၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministers' Responsible for Information and its related Meetings 17th AMRI) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ The Empire Brunei ဟိုတယ် Indera Samudra Grand Hall ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။



ရှေးဦးစွာ (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးအလှည့်ကျသဘာပတိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး-၂ H.E. Mr. Pehin Dato Halbi Yussof နှင့်ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း ဒုတိယအတွင်းရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဘရူနိုင်းနိုင်ငံ၏ အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (AMRI) အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူမှုဆိုင်ရာ ရုပ်သံမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကိုကျင်းပရာ (၁၆) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Le Hai Binh က ဂုဏ်ပြုစကားပြောကြားပြီး (၁၇) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၏ အလှည့်ကျသဘာပတိဖြစ်သည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး-၂ နှင့် အစည်းအဝေးအလှည့်ကျ ဒုတိယသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. NethPheaktra တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး(AMRI)၏ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **"အပြန်အလှန်နားလည်မှုကို အားကောင်းလာစေသည့်မီဒီယာ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုမြှင့်တင်ရာတွင် မီဒီယာ၏အခန်းကဏ္ဍကိုပြောင်းလဲဖော်ဆောင်ခြင်း အသွင်ပြောင်းခြင်း" (Media Advancing Joint Understanding: Transforming media's role in advancing cooperation and mutual understanding)** ဖြစ်ရာ အဆိုပါအစည်းအဝေး၏ Theme နှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကဆွေးနွေးရာတွင် မန္တလေးငလျင်ကြီးကဲ့သို့သော အကျပ်အတည်းအခြေအနေများတွင် မီဒီယာများအနေဖြင့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖြန့်ဝေရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အာဆီယံမီဒီယာချန်နယ်များ၏ ထိရောက်သည့် သတင်းတင်ဆက်မှုများကြောင့် ပြည်သူများ၏လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်သူများက သတိပြုမိစေကာ နိုင်ငံတကာနှင့် ဒေသတွင်းပံ့ပိုးကူညီမှုများရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ်နောက်ပိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် သတင်းအချက်အလက်နှင့်မီဒီယာကဏ္ဍ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန်အတွက် လူငယ်များ စိတ်ဝင်စားမည့် Content များနှင့် ပူးပေါင်းဖန်တီးမှု ပလက်ဖောင်းများကို အားကောင်းစေရေးဆောင်ရွက်ခြင်း၊ မီဒီယာသိနားလည်မှုကို မြှင့်တင်ခြင်းနှင့် သတ်မှတ်ထားသည့် မီဒီယာပလက်ဖောင်းများမှ တစ်ဆင့် မဟုတ်မမှန်သတင်းများကို တိုက်ဖျက်ခြင်း၊ အာဆီယံနှင့်စပ်လျဉ်းသည့် ဇာတ်လမ်းရုပ်သံများကို ဘာသာစကားမျိုးစုံနှင့်တင်ဆက်နိုင်ရန် ဒေသတွင်းပူးပေါင်းရိုက်ကူးထုတ်လုပ်မှုများ တိုးတက်ဖော်ဆောင်ခြင်းနှင့် ဉာဏ်ရည်တုနှင့်ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ ကျင့်ဝတ်ဆိုင်ရာများမြှင့်တင်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အကြံပြုတိုက်တွန်းလိုကြောင်း။

ယခုနှစ် အစည်းအဝေးဆောင်ပုဒ်တွင် ဖော်ပြထားသည့်အတိုင်း မီဒီယာများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် အပြန်အလှန် နားလည်မှုနှင့် သည်းခံနိုင်စွမ်းရှိမှုများကို မြှင့်တင်စေနိုင်ပြီး ကွဲပြားမှုများကို ပေါင်းကူးဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ဟု ပြောကြားလိုကြောင်းနှင့် မိမိတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အာဆီယံမီဒီယာအခင်းအကျင်းတွင် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများဖြင့် သာကျေးနပ်နေရုံမဟုတ်ဘဲ နောင်လာမည့်မျိုးဆက်များအတွက်ပါ အကျိုးကျေးဇူးများစွာရှိစေဖို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီး His Royal Highness Prince Haji Al-Muhtadee Billah Ibni နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအသိုက်အဝန်း (ASCC) ဒုတိယအတွင်းရေးမှူးချုပ် ဦးစန်းလွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး လေ့လာသူအဖြစ် တီမောလက်စ်တေနိုင်ငံမှ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ (၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာများအား သုံးသပ်ဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံအကြား သတင်းမီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များအကောင်အထည်ဖော်မှုကို သုံးသပ်ဆွေးနွေးခြင်း၊ အာဆီယံယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ဆိုင်ရာကော်မတီ (COCI)၏သတင်းပြန်ကြားရေးကဏ္ဍဆိုင်ရာ တိုးတက်မှုအစီရင်ခံစာကို ဖတ်ကြားဆွေးနွေးခြင်းနှင့် အစည်းအဝေး၏ရလဒ်အဖြစ် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရန် အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အသိအမှတ်ပြုသည့် ဘန်ဒါဆရီဘီဂါဝမ်ကြေညာချက်၊ ဆိုရှယ်မီဒီယာပလက်ဖောင်းများကို ဘေးကင်းလုံခြုံပြီး တာဝန်သိသိဖြင့် အသုံးပြုခြင်းဆိုင်ရာကွာလာလမ်ပူ ကြေညာချက်နှင့် (၁၇) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ပူးတွဲထုတ်ပြန်ချက်များအားဆွေးနွေးကာ အတည်ပြုခဲ့ကြသည်။

(၈) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး(8th AMRI+3)ကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံမှ ပြန်ကြားရေးဆိုင်ရာဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အရှေ့တီမောနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့က လေ့လာသူအဖြစ် တက်ရောက်သည်။

ညနေပိုင်းတွင် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား အိမ်ရှင်ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့်ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီးကတည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ကျင်းပသည်။

အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (AMRI) ကို အာဆီယံဆွေးနွေးဖက် သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး(AMRI+3)နှင့်အတူ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး အာဆီယံနှင့်ဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေးလုပ်ငန်းစီမံကိန်းများအပေါ်တွင် လိုအပ်သည့်လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ(၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် ကျင်းပခြင်းဖြစ်ပြီး မေလ ၅ ရက်မှ ၆ ရက်အထိ (၂၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား ကျင်းပခဲ့ကြောင်း သိရသည်။ **မြဝတီ**


# မြေငလျင်ဒဏ်ကြောင့် နေအိမ်များပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၇

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျ/ပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား တိုင်းမှူးနှင့်တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် မြေငလျင်ဒဏ်ကြောင့် နေအိမ်များပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်စဉ်။

# ငါးနှစ်အောက်ကလေး ပြုစုစောင့်ရှောက်ရေး

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုအရေအတွက် ၄ ဒသမ ၈ သန်းသို့ ကျဆင်းသွားကြောင်း ယင်းနှစ် မတ်လ ၂၅ ရက်က ထုတ်ပြန်သော ကုလသမဂ္ဂ၏အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်က အသက်ငါးနှစ်မတိုင်မီ သေဆုံးသော ကလေးငယ်အရေအတွက် ငါးသန်းအောက်သို့ ပထမအကြိမ် ရောက်ရှိခဲ့သည်။ သို့ရာတွင် တိုးတက်မှုနှုန်းနှေးကွေးနေပြီး ကာကွယ်နိုင်သောရောဂါများဖြင့် ကလေးများစွာ အသက်ဆုံးရှုံးနေရဆဲဖြစ်သည်။

ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုသည် ဆယ်စုနှစ်များစွာပင် စိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေခဲ့သည်။ ကုလသမဂ္ဂ၏ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် ၅၁ ရာခိုင်နှုန်းအထိ ကျဆင်းကာ ပထမအကြိမ် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ သို့သော်လည်း အဆင်းရဲဆုံးမိသားစုများမှ မွေးဖွားလာသောကလေးများသည် အချမ်းသာဆုံးမိသားစုများနှင့်နှိုင်းယှဉ်ပါက အသက်ငါးနှစ်မတိုင်မီ သေဆုံးနိုင်ခြေ နှစ်ဆ၊ ပဋိပက္ခဒဏ်ခံရသော အခြေအနေများတွင် နေထိုင်သောကလေးများသည် တခြားနေရာများရှိ ကလေးများထက် ငါးနှစ်မပြည့်မီ သေဆုံးနိုင်ခြေ သုံးဆနီးပါး ပိုများသည်ဟု ကုလသမဂ္ဂကဆိုသည်။

နိုင်ငံတစ်နိုင်ငံ၌ မိခင်သေဆုံးမှုနှုန်း၊ မွေးကင်းစကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများဖြစ်၍ အထူးဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ထားသည်။ ကိုယ်ဝန်ဆောင်စဉ် မိခင်၏ အာဟာရ၊ မွေးဖွားစဉ်နှင့် မီးတွင်းကာလ ကျန်းမာရေးစောင့်ရှောက်မှုများသည် မွေးကင်းစကလေးတစ်ဦး၏ ကျန်းမာရေးအတွက် အဓိကအဆုံးအဖြတ်ပေးသည့် အကြောင်းတရားများဖြစ်သည်။ ထို့ကြောင့် ကိုယ်ဝန်ရှိချိန်မှစ၍ စနစ်တကျ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူရန်၊ တတ်ကျွမ်းသူနှင့် မွေးဖွားရန်၊ အခြေခံမွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အထောက်အပံ့ပစ္စည်းများ ရရှိရေးတို့မှာ အရေးပါသည့် ကိစ္စရပ်များဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုအခြေအနေ**

မြန်မာနိုင်ငံ၌လည်း အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းနှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းအဖြစ် ပါဝင်နေသည်။ ကုလသမဂ္ဂ၏ ၂၀၂၂ ခုနှစ် ကလေးသေဆုံးမှုခန့်မှန်းချက်အစီရင်ခံစာအရ မြန်မာနိုင်ငံသည် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုကို လျှော့ချရာတွင် ရလဒ်ကောင်းများ ရရှိနေကြောင်း အောက်ပါအတိုင်း တွေ့ရသည်။

- မွေးကင်းစကလေး သေဆုံးမှုနှုန်းအဖြစ် ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၃၇ ဦးခန့်မှ ၂၀၂၂ ခုနှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၂၀ ဦးခန့်သို့လည်းကောင်း၊
- အသက်တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၆၀ ဦးခန့်မှ ၂၀၂၂ ခုနှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၃၂ ဦးခန့်သို့လည်းကောင်း၊
- အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၈၃ ဦးခန့်မှ ၂၀၂၂ ခုနှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၄၀ ဦးခန့်သို့လည်းကောင်း လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

**အသက်ငါးနှစ်အောက်ကလေးအား ပြုစုစောင့်ရှောက်နည်း**

အသက်ငါးနှစ်အောက်ကလေးတွင် အောက်ဖော်ပြပါ အထွေထွေ အန္တရာယ်လက္ခဏာများအနက် တစ်ခုခုဖြစ်ပေါ်လာပါက ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်း ချက်ချင်းသွားရောက်ပြသပါ။

- အရည်မသောက်နိုင်ခြင်း သို့မဟုတ် နို့မစို့နိုင်ခြင်း။
- စားသောက်သမျှအန်ခြင်း။
- တက်ခြင်း (နေမကောင်းစဉ်တွင် တက်ခြင်း သို့မဟုတ် တက်နေခြင်း)။
- မှိန်း၍ နှိုးရခက်ခြင်း သို့မဟုတ် သတိလစ်ခြင်း။
- အထွေထွေအန္တရာယ်လက္ခဏာရှိပါက ပြင်းထန်သောအခြေအနေတွင်ရှိသဖြင့် အဆိုပါကလေးငယ်အား ဆေးရုံသို့ အရေးပေါ်လွှဲပြောင်းပို့ရန်လိုအပ်သည်။

**နေမကောင်းသောကလေးအား ပြုစုစောင့်ရှောက်ခြင်း**

- ကလေးကိုယ်ပူခြင်း သို့မဟုတ် အန်ခြင်း သို့မဟုတ် ဝမ်းသွားခြင်းများကြောင့် ခန္ဓာကိုယ်တွင် အရည်ဓာတ်များ လျော့နည်းသွားသဖြင့် အရည်ပိုတိုက်ရန် လိုအပ်သည်။ (ဥပမာ အသက်ခြောက်လအောက်တွင် မိခင်နို့၊ အသက်ခြောက်လအထက်တွင် မိခင်နို့တိုက်ကျွေးနေပါက မိခင်နို့အပြင် ဆန်ပြုတ်၊ ထမင်းရည်၊ ရိုးရိုးရေ၊ လိုအပ်ပါက ဓာတ်ဆားရည်)။
- အစားအစာကို ပုံမှန်ကျွေးမှသာ ကိုယ်ခံအားကောင်းပြီး မြန်မြန်နေကောင်းစေပါသည်။
- မိခင်နို့တိုက်နေသော ကလေးအား မိခင်နို့ ဆက်တိုက်ပါ။ ပုံမှန်ထက် အကြိမ်ရေ ပိုတိုက်သင့်ပါသည်။
- ဓာတ်ဆားရည်၊ စွပ်ပြုတ်၊ ဆန်ပြုတ်၊ နို့နှင့် လတ်ဆတ်သော သစ်သီးဖျော်ရည် စသည်တို့ တိုက်ကျွေးနိုင်သည်။ ကလေးအန်ပါက ခဏနား၍ နည်းနည်းချင်း ပြန်တိုက်ပေးပါ။
- ကျွေးနေကျအစားအစာများကို ပုံမှန် ဆက်၍ကျွေးပေးပါ။ ကလေးအတွက် ပျော့ပျောင်းနူးညံ့သော အစာများဖြစ်ရပါမည်။
- အန္တရာယ်လက္ခဏာများ စောင့်ကြည့်ပါ။
- နောက်ဆက်တွဲပြဿနာများ မဝင်နိုင်ရန် နာလန်ထချိန်တွင် စားနေကျထက် တစ်နပ်ပိုကျွေးပါ။ အနည်းဆုံး တစ်ပတ်ခန့်ကျွေးပါ။

"ကုလသမဂ္ဂ၏ ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းသည် ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် ၅၁ ရာခိုင်နှုန်းအထိ ကျဆင်းကာ ပထမအကြိမ် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ သို့သော်လည်း အဆင်းရဲဆုံးမိသားစုများမှ မွေးဖွားလာသောကလေးများသည် အချမ်းသာဆုံးမိသားစုများနှင့် နှိုင်းယှဉ်ပါက အသက်ငါးနှစ်မတိုင်မီ သေဆုံးနိုင်ခြေ နှစ်ဆ၊ ပဋိပက္ခဒဏ်ခံရသောအခြေအနေများတွင် နေထိုင်သောကလေးများသည် တခြားနေရာများရှိ ကလေးများထက် ငါးနှစ်မပြည့်မီ သေဆုံးနိုင်ခြေ သုံးဆနီးပါး ပိုများသည်ဟု ကုလသမဂ္ဂကဆိုသည် . . ."

**ဖျားနေသောကလေးငယ်ကို အိမ်တွင်ပြုစုစောင့်ရှောက်ခြင်း**

- ကလေးငယ်များ နေမကောင်းဖြစ်သည့်အခါ အစာမကျွေးခြင်း၊ အစားအစာလျှော့ကျွေးခြင်းမပြုလုပ်ရပါ။ စားနေကျအစားအစာအတိုင်း ပုံမှန်ဆက်ကျွေးပါ။
- နို့စို့ကလေးများကို မိခင်နို့ဆက်တိုက်ပါ။ ခြောက်လအထက်ဖြစ်ပါက အရည်ပိုတိုက်ပါ။
- ကိုယ်အပူချိန်များပါက ရေစိုအဝတ် (ရိုးရိုးရေ) ဖြင့် တစ်ကိုယ်လုံး ရေဖတ်တိုက်ပေးပါ။
- ရာသီဥတုနှင့်ကိုက်ညီသော အဝတ်အစားဝတ်ပေးပါ။
- လေကောင်းလေသန့်ရသော၊ လေဝင်လေထွက်ကောင်းသော နေရာ၌ထားပါ။
- မက်ကလောင် မဖောက်ပါနှင့်။
- နာလန်ထချိန်တွင် အစားအစာကို အနည်းဆုံးတစ်ပတ်ခန့် ကျွေးနေကျအကြိမ်ထက် တစ်ကြိမ်ပိုကျွေးရန်လိုပါသည်။

အချုပ်ဆိုရလျှင် ငါးနှစ်အောက်ကလေးများ သေဆုံးခြင်းသည် ကာယကံရှင်မိသားစုတိုင်းအတွက် ဝမ်းနည်းဖွယ်ဖြစ်သကဲ့သို့ နိုင်ငံ၏ လူ့မျှော်မှန်းသက်တမ်းတွက်ချက်ရာတွင်လည်း အရေးကြီးသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို လူတိုင်းလက်လှမ်းမီနိုင်မှု၊ ကျန်းမာရေးဆိုင်ရာ ရန်ပုံငွေတိုးမြှင့်ရရှိမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်မှုတို့သည် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုကို လျှော့ချရာတွင် အရေးကြီးသည့် အချက်များဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

## လှိုင်းဘွဲ့မြို့နယ် ပန်းတိမ်ကုန်းကျေးရွာ၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းဖွင့်လှစ်

လှိုင်းဘွဲ့ မေ ၇

ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တိုင်းရင်းသားများအနေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများ တစ်နိုင်တစ်ပိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို မေလ ၆ ရက်က လှိုင်းဘွဲ့မြို့နယ် ပန်းတိမ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ပေးသည်။



အဆိုပါသင်တန်းတွင် ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းနည်းပြများက မိမိတို့သင်ကြားပေးမည့် လူသုံးကုန်ပစ္စည်းများအကြောင်းကို ပြောကြားသည်။

ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းတွင် ပန်းတိမ်ကုန်း၊ ဒိုင်းပြကုန်း၊ ချမ်းသာရွာနှင့် သဒီးခိုကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေလ ၆ ရက်မှ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို မေလ ၆ ရက်က မြို့နယ်ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် သုံးခွမြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူက မိမိတို့ဦးစီးဌာနအနေဖြင့် ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို စိစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းကို သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# ပဲခူးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ မေလ ၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ သင်တန်းတက်ရောက်မည့် ကင်းထောက် ကျောင်းသားလူငယ်မောင်မယ်များက "ကင်းထောက်ဂုဏ်ရည်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သီဆိုဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများပေးအပ်သည်။

အဆိုပါ ကင်းထောက်လူငယ်သင်တန်းသည် တိုင်းပြည်အပေါ်သစ္စာရှိရန်၊ တိုင်းပြည်က အားထားရသည့် လူငယ်များဖြစ်လာစေရန်၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ မိမိကိုယ်ကိုယုံကြည်သည့် စိတ်ဓာတ်ခိုင်မာသူများဖြစ်လာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းအတွက် ပဲခူးမြို့၌ ၆၀ ဦး၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းအတွက် ပြည်မြို့၌ ၆၀ ဦး စုစုပေါင်း ၁၂၀ ဦးအား မေလ ၆ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အခွန်ဆိုင်ရာပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ



**မော်လမြိုင် မေ ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဌာနဆိုင်ရာများမှ တင်ဒါလေလံဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို မေလ ၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အစိုးရဌာနအဖွဲ့အစည်းများမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တင်ဒါစနစ်ဖြင့်ပစ္စည်းများဝယ်ယူခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊ ယာဉ်နှင့်စက်ကိရိယာများ၊ ပရိဘောဂများဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အချိန်တွင် တင်ဒါမဖြစ်မနေခေါ်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ၊ အခွန်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား သိရှိစေလိုသည့်အတွက် အခွန်ပညာပေးရှင်းလင်းပွဲကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တင်ဒါလုပ်ငန်းများဆောင်ရွက်သည့်အချိန်တွင် တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်စသည့် အခွန်အမျိုးအစားများ ပေးဆောင်ရန် တာဝန်ရှိကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာန ဦးစီးမှူးက တင်ဒါအောင်မြင်သည့်လုပ်ငန်းများအတွက် အခွန်ကျသင့်မှုများနှင့် ပတ်သက်သည့် သိကောင်းစရာများကို Power Point ဖြင့် အခွန်ပညာပေးရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ပြည်နယ်အခွန်ဦးစီးဌာန ဦးစီးမှူးက လိုအပ်သည်များကို ထပ်ဆင့်ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဟောပြောပွဲတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၄၀၆)

# ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အလှူငွေနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**မြိတ် မေ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဈေးတန်းရပ်ကွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အလှူငွေနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို မေလ ၆ ရက်ညနေပိုင်းက ပေးအပ်လှူဒါန်းကြောင်းသိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ခရိုင်ပြည်သူ့စာကြည့်တိုက်အတွက် လိုအပ်သည့် သုတ၊ ရသစာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများအတွက် အလှူငွေကျပ် ၁၀၄၀၀၀၀ နှင့် သုတ၊ ရသစာအုပ်စာစောင် ၁၄၉ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက လက်ခံရယူသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းသိရသည်။

(၄၁၂)

# ဂုဏ်ပြုပါသည် ကြက်ခြေနီ

❖ မေတ္တာကရုဏာ၊ အကြင်နာ
စာနာသနား၊ မခွဲခြား
လေးစားချစ်ကြည်၊ ကြက်ခြေနီ
ဂုဏ်ရည်သန့်ရှင်း၊ ဘက်လိုက်ကင်း
ရှင်းတယ်လေ့ ကင်းတယ်လေး။

❖ ဆင်းရဲမှုဒဏ်၊ နည်းပါးရန်
မှန်ကန်ဆောင်ပုဒ်၊ ဖော်ဆောင်လုပ်
အားထုတ်ဝိုင်းကူ၊ ဘေးကြုံမူ
ညီတူစွမ်းဆောင်၊ လုပ်ငန်းအောင်
ဆောင်တယ်လေ့ အောင်တယ်လေး။

❖ သဘာဝဘေးစုံ၊ ဆိုးကပ်ကြုံ
စွမ်းကုန်သယ်ပိုး၊ ကယ်ဆယ်ကြိုး
အမျိုးဘာသာ၊ မရွေးပါ
ဝိုင်းကာဖေးမ၊ စိတ်ထားလှ
မတယ်လေ့ လှတယ်လေး။

❖ စစ်ဘေးရှောင်သူ၊ တို့ပြည်သူ
လဲသူထူပေး၊ ဆာသူကျွေး
ပြည်ရေးကြုံလာ၊ သက်စွန့်ကာ
ကြင်နာလက်ကမ်း၊ ဖွဲ့မာန်လွှမ်း
ကမ်းတယ်လေ့ လွှမ်းတယ်လေး။

❖ ကပ်ဘေးကြုံလာ၊ များသူငါ
ကျေးရွာအရောက်၊ ခရီးပေါက်
မကြောက်ဇာနည်၊ ကြက်ခြေနီ
ယုံကြည်ထမ်းရွက်၊ ခရီးဆက်
ရွက်တယ်လေ့ ဆက်တယ်လေး။

❖ အေးတူပေးယူ၊ ဖေးမကူ
သွေးလှူအမြဲ၊ ကုသိုလ်ကဲ
ဆင်းရဲချမ်းသာ၊ မခွဲပါ
ပြည်ရွာအနှံ့၊ မေတ္တာပျံ့
နှံ့တယ်လေ့ ပျံ့တယ်လေး။

❖ လင်းလက်ကမ္ဘာမြေ၊ ငြိမ်းချမ်းစေ
ကြက်ခြေနီနေ့၊ ဂုဏ်ယူမွေ့
ချမ်းမြေ့တို့ပြည်(ပြေ)၊ အခွန့်ရှည်
မေလရှစ်ပန်း၊ ဘုန်းတောက်လန်း
ပန်းကွယ်လေ့ လန်းတယ်လေး။ ။

**မောင်မင်းသိမ်း(သရက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုကိုကြည့်ရှု



နေပြည်တော် မေ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ်ဦးစီးမှူးရုံးတွင် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ(Unique ID) နံပါတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးစာရွက်စာတမ်းများ၊ ရုံးသုံးပစ္စည်းများနှင့် ကိုယ်ရေးဖိုင်များ စနစ်တကျလုံခြုံစွာထိန်းသိမ်းထားရှိဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်တားဆီးဆောင်ရွက်ရေး၊ ကိုယ်ရေးဖိုင်များ အသုံးပြုရာတွင် စနစ်တကျမှတ်တမ်းရေးသွင်းကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ကြရေး မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်၍ ခန်းမအတွင်း ရုံးချုပ်ရှိ e-ID Server မှ အချက်အလက်များနှင့် အတည်ပြုလူဦးရေစာရင်းအချက်အလက်များ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအတွင်း၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ လူဦးရေစာရင်းမှန်ကန်ရေးအတွက် ရုံးချုပ်ရှိ e-ID Server မှ အချက်အလက်များ တိုက်ဆိုင်စိစစ်အတည်ပြုဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းမအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ဇွန်လကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနိုင်ရေးအတွက် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးမည်



နေပြည်တော် မေ ၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာဆရာ၊ ဆရာမများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုမှ အစိုးရအဖွဲ့များနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း တက္ကသိုလ်နှင့်အခြေခံပညာအထက်တန်းကျောင်းများတွင် စခန်းသွင်းလေ့ကျင့်ရေး(Camp)များတွင် စားသောက်ရေး၊ နေထိုင်ရေး စသည်ဖြင့် အခက်အခဲမရှိ အဆင်ပြေအောင် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများ၏သင်ကြားပို့ချမှုများကို ဖွဲ့၊ လုံ့လ၊ ဝီရိယထား၍ ကြိုးစားသင်ယူကြစေလိုကြောင်း အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ယန္တရားအခြေခံပညာအထက်တန်းကျောင်း၊ အမရပူရမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ် သံလျှက်မော်အနောက် အမှတ်(၃၃) အခြေခံပညာ အလယ်တန်းကျောင်းခွဲ ၊ အောင်မြေသာစံမြို့နယ် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ဇွန်လကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေးအတွက် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မိမိတို့၏အခြေခံပညာကျောင်းများကို ထိခိုက်ပျက်စီးမှုအလိုက် အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ယာယီစာသင်ဆောင် တည်ဆောက်ပေးခြင်းတို့ဖြင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျောင်းနှင့်ကျောင်းသားအရေအတွက်ပေါ်မူတည်၍ နှစ်ချိန်တက်ကျောင်းအဖြစ်ဆောင်ရွက်ခြင်း၊ ရေ၊ မီး၊ သန့်စင်ခန်းပြည့်စုံရေး ဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်းမှာကြားကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

# တက္ကသိုလ်များအနေဖြင့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန် အဓိကအရေးကြီး

နေပြည်တော် မေ ၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးနည်းပညာတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့်ထိခိုက်မှုများဖြစ်ပေါ်ခဲ့သော ပင်မစာသင်ဆောင်၊ အလုပ်ရုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းသား၊ ကျောင်းသူဆောင်များ အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့်ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဇွန်လဆန်းတွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် Lab ခန်းများ၊ အလုပ်ရုံများအဆင်သင့်ဖြစ်စေနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရေး၊ သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများ ဖြစ်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ ရောက်ရှိပြီး ငလျင်ဒဏ်သင့် ပင်မဆောင်၊ အလုပ်ရုံနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လတ်တလောပြုပြင်ရေးလုပ်ငန်းများကိုသတ်မှတ်ကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ရေရှည်တွင်ငလျင်ဒဏ်ကိုကြံ့ကြံ့ခံနိုင်ရေးနှင့်ထိခိုက်မှုလျော့နည်းအောင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှတာဝန်ရှိသူများနှင့်အတူ မန္တလေးနည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမဝန်ထမ်းများနှင့်တွေ့ဆုံ၍ တက္ကသိုလ်များအနေဖြင့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်နှင့်နိုင်ငံတော်အတွက် လိုအပ်သော နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ဆောင်ရွက်ပေးရန် အဓိကအရေးကြီးကြောင်း၊ Digital ခေတ်၊ ICT ခေတ်၊ AI ခေတ်ဖြစ်သည့်အတွက် ခေတ်ကာလလိုအပ်ချက်နှင့်ကိုက်ညီသော လူ့စွမ်းအားအရင်းအမြစ်များ၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသော အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၇

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့်နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိသင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။



ကျိုင်းတုံသင်တန်းစခန်းမှ လေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

ထိုသို့လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၏ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ **မိတ္ထီလာမြို့**ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦးအားလည်းကောင်း၊ **မော်လမြိုင်မြို့**ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦးအားလည်းကောင်း၊ **နမ့်စန်မြို့**ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၄ ဦးအားလည်းကောင်း၊ **နေပြည်တော်ကောင်စီနယ်မြေ**ရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ **ကျိုင်းတုံမြို့**ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးအားလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများမှ လေ့ကျင့်သင်ကြားပေးနေမှုများအားတွေ့မြင်ရပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့၊ ရွှေနတ်တောင်ရေလှောင်တမံ၌ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သို့ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသားများအား ရေကြောင်းဆိုင်ရာဘာသာရပ်များဖြစ်သော အနောက်တိုင်းလေးယောက်လှော်လှေ (Tub Four) လေ့ကျင့်လှော်ခတ်ခြင်းနှင့် ရွက်လှေ (Optimoist Boat)အား လက်တွေ့ပို့ချသင်ကြားနေမှုအားလည်းကောင်း၊ မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၌ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/ ၂၀၂၅) သို့ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် လေကြောင်းလူငယ်သင်တန်းသားများအား လေကြောင်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချနေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သင်တန်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းနည်းပြများနှင့်တွေ့ဆုံကာ သင်တန်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သင်တန်းသား/ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး





ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသားများစာတွေ့/လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားစဉ်။

နေပြည်တော် မေ ၇

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံသင်တန်း (၁/၂၀၂၅)နှင့် ရေကြောင်းလူငယ်တန်းမြင့် သင်တန်း(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသားစုစုပေါင်း ၈၀၀ ဦးဖြင့် ဧပြီလ ၂၂ ရက်နေ့မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်ပို့ချလျက်ရှိသည့် နေပြည်တော်စခန်းတန်းခွဲ(၁)နှင့် တန်းခွဲ(၂)သို့ သွားရောက်ခဲ့ပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေး စကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများ စာတွေ့/လက်တွေ့သင်ကြားလေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ လျှင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ လျှင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သောအဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE)အဖွဲ့များက (SOP)အတိုင်းစစ်ဆေးနေမှုကိုကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိကွင်းပြင်တွင် လျှင်ဒဏ်သင့်ပြည်သူများအတွက် ဆောက်လုပ်လျက်ရှိသော Modular House များတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့်ရှင်ဖြူရှင်လှဘုရားကြီးတို့၌ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ရွှေမင်းဝံရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ပျူကံရပ်ကွက်၊ စီတီးရပ်ကွက်နှင့်မီးရထားရပ်ကွက်များရှိလျှင်ဘေးဒဏ်သင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက လျှင်ဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စု(၁)စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့်ကော်ပုံး စုစုပေါင်း (၁၆)မျိုး၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဘရူနိုင်းနိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းတို့ကို ထောက်ပံ့ပေးဝေနေမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပန်းပဲတန်းရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် လျှင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကျောက်ဆည်မြို့ တံစိုး-မင်းစုသွားကားလမ်းပေါ်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များမှာကြားကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ လျှင်ဒဏ်သင့် ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၆ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိလျှင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သော ခိုင်သဇင် (၁) ထပ်စာသင်ဆောင်များ၊ ခိုင်ရွှေဝါ (၁) ထပ်စာသင်ဆောင်များ၊ ကုံးကော် (၃)ထပ် စာသင်ဆောင်၊ နဝရတ်ဆောင်ရှိ မြတ်စေတနာခန်းမ၊ ကျောင်းစာကြည့်တိုက်နှင့်စတိုခန်းဆောင်များအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် စာမျက်နှာ ၁၃ သို့ ❍

❍ စာမျက်နှာ ၁၂ မှအဆက်

အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကို လိုက်လံကြည့်ရှု၍ ဆရာ/ဆရာမများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

၎င်းနောက် ၂၆ လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ အမှတ် (၂၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ/ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်းရှိ ထွန်းသစ္စာ (၂) ထပ်ကျောင်းဆောင်၌ Grade–12 Camp (လေ့ကျင့်ရေးစခန်း) ဖွင့်လှစ်ထားရှိသည့် အခြေအနေများ၊ ကျောင်းရှိ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သော မြစန္ဒာ၊ မြသီတာ၊ မြရော၊ မိဘမေတ္တာ၊ သီရိနှင့် မြရတနာ (၂)ထပ်စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံး၊ ဧည့်သည်ခန်းမ၊ သိပ္ပံလက်တွေ့စမ်းသပ်ခန်း၊ ရေသန့်စက်၊ ရေစင်နေရာများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများနှင့် Level–1 အဆင့်စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများအား လိုက်လံကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများအား ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့်အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများအား စနစ်တကျပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမရပူရမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ရေကြည်ပေါက်ကျေးရွာ)၌ ဆရာ/ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ/ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေး စကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိကွင်းပြင်တွင် ငလျင်ဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လျက်ရှိသော Modular House များတည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ရွှေလင်းပင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်နှင့်တံစိုး–မင်းစုသွားကားလမ်းမပေါ်တို့ရှိ နေထိုင်ရန် မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေး မှာကြားပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့်ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ (၆၄၅၁) လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ (၆၁၄၆) လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ(၃၀၅) လုံးမှ အဆောက်အအုံ(၂၇၇)လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ(၂၈)လုံးဖြစ်သည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်၊ မြေစာရင်းရုံးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular House(၂)လုံး တည်ဆောက်ပေးမည့် မြေနေရာအားရွေးချယ်ပေးပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်နှင့်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်ရှိ မြတ်မင်္ဂလာ သီလရှင်စာသင်တိုက်သို့သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ် (ခ်)တာစကေးအဆင့် (၈) အထိခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ်အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်းလျှောက်ထားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက်ယနေ့တွင်ဘုန်းတော်ကြီးကျောင်း(၁၄)ကျောင်းနှင့် သီလရှင်ကျောင်း(၁)ကျောင်းတို့အား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ဘိလပ်မြေ(၁၈၀၀)အိတ်၊ 10mm သံချောင်း(၂ ဒသမ ၅)တန်၊ 16 mm သံချောင်း(၅)တန်၊ အထပ်သား(၄၀)ချပ်တို့အား တိုက်ရိုက် ရောင်းချပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံနှင့်ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၈ ရက်မြောက်အဖြစ် ဈေးကားကိုးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



မတ်လ ၃၀ ရက်မှ မေလ၇ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ နေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဇလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဘာသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အကျဉ်းဦးစီးဌာန(နေပြည်တော်)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(တိုင်းရုံး)၊ အထူးရဲတပ်ဖွဲ့ရုံး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန် ၆ ပြည်ပါ (မနောသုခ– Export Quality) ၁၀၄၉၁ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၆၃ အိတ်၊ ဆီ ၄၁၆၅၀ ပိဿာ၊ ဆား ၁၅၆၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၈၄၉ ထုပ်၊ ငါးပိ ၃၂၂ ပိဿာ၊ အမဲသား ၃၂၅ ပိဿာ၊ ဆိတ်သား ပိဿာ ၁၀၀၊ ကြက်သား(အမွေးနုတ်ပြီး)အကောင် ၄၅၀၊ ဝက်သား ပိဿာ ၁၂၀၊ ကြက်ဥအလုံး ၁၉၅၄၀၊ ဘဲဥ ၇၃၉၅ လုံး၊ ငုံးဥအလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပဲ့ခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ငါးမြစ်ချင်းပိဿာ ၁၀၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့်မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၂၆ အိတ်၊ စားအုန်းဆီ ၅၀၈၈ ပိဿာ၊ ဆား ပိဿာ ၉၀၊ ကုလားပဲ ၂၀ ကျပ်သားပါ ၄၃၂ ဘူး၊ ငါးပိ ၂၉ ပိဿာ၊ ကြက်သွန်နီ ၅၉၁ ပိဿာ၊ အသားတု ၃၂ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၉၄ အိတ်၊ စားအုန်းဆီ ပိဿာ ၇၀၄၀၀၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၉ ထုပ်၊ ငါးပိ ၂၃ ပိဿာ၊ ငါးနီတူခြောက်၊ အာပဲ့ခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့သည်။

ထို့ပြင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟင်းသီးဟင်းရွက် ၁၆ မျိုးနှင့် ပန်းမျိုးစုံတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားရှစ်စီးဖြင့် ဧပြီလ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား၊ ဝက်သားတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့်ပြည်သူများသို့ ဈေးကားတစ်စီးဖြင့် ဧပြီလ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# လူသားချင်းစာနာမှုဖြင့်စောင့်ရှောက်ပေးနေသော ကြက်ခြေနီအသင်းကြီး

ညွန့်ဝင်း(နတ်တလင်း)

❖ ကြက်ခြေနီဟူသည်မှာ စေတနာ့ဝန်ထမ်းအကျိုးဆောင်သူများဖြစ်ရာ လူသားအားလုံးအပေါ် မေတ္တာတရားကိုအခြေခံ၍ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီဖေးမသောအဖွဲ့အစည်း အဖြစ် အမြဲရပ်တည်နေမည်ဖြစ် . . .

❖ မည်သို့သော သဘာဝဘေးအန္တရာယ်များကြုံလာပါစေ ကြက်ခြေနီများက ရင်မှဖြစ်တည်သော အဖြူရောင်စိတ်ထား၊ စေတနာ၊ ကိုယ်ချင်းစာတရားတို့ဖြင့် ပြည်သူမှန်သမျှကို ရန်သူ၊ မိတ်ဆွေ၊ အသင်းအဖွဲ့၊ ဂိုဏ်းဂဏမခွဲခြားဘဲ ကူညီဖေးမကြမည်ဖြစ် . . .

လူသားတို့ဘေးအန္တရာယ်များကျရောက်သောအခါ အသက်အန္တရာယ်မထိခိုက်စေရန် တတ်စွမ်းသမျှ ပြုစုမှု အသိပညာ၊ အတတ်ပညာတို့ဖြင့် အရေးပေါ် ကူညီဆောင်ရွက်ပေးနေသော ပရဟိတအဖွဲ့ကို ပြပါဆိုလျှင် ကြက်ခြေနီအဖွဲ့ကိုပြရပါလိမ့်မည်။ အရေးပေါ်လူနာတစ်ဦးကို ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း (သတ်မှတ်ချိန်အတွင်း) မပို့ဆောင်နိုင်သေးသောအခြေအနေတွင် လူနာ၏အသက်အန္တရာယ်ကို ကြက်ခြေနီဝန်ထမ်းများက အတတ်နိုင်ဆုံး နည်းလမ်းများဖြင့် ပြုစုစောင့်ရှောက်ကယ်တင်ပေးကြသည်။ ကြက်ခြေနီဝန်ထမ်း၏အလုပ်ကား အလွန်သန့်စင်မွန်မြတ်သည့် စေတနာ့ဝန်ထမ်းအလုပ်ဖြစ်သည်။

ကြက်ခြေနီအသင်းကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ကျော်က သန္ဓေတည်စတင်ခဲ့လေသည်။ ၁၈၅၉ ခုနှစ်က အီတလီနိုင်ငံတွင်ဖြစ်ပွားသော ဆိုဖာရီနိုစစ်မြေပြင်၌ ထိခိုက်ဒဏ်ရာရသော စစ်သားများအား ကူညီပြုစုပေးမည့်သူမရှိဘဲ အတိဒုက္ခရောက်ခဲ့သည်။ ဤစစ်မြေပြင်သို့ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့် ရောက်ရှိသွားသောအခါ ကူညီသူမဲ့၍ ညည်းညူနေသော ဒဏ်ရာရစစ်သားများကို အနီးဝန်းကျင်ရွာ၌စုဝေး၍ ကူညီပြုစုပေးခဲ့သည်။ ဟင်နရီဒူးနန့် မိမိနေရပ်ပြန်ရောက်သောအခါ ဆိုဖာရီနိုစစ်မြေပြင်တွင် ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို စာအုပ်ရေးသားပြုစုခဲ့သည်။ ထိုစာအုပ်ကို မမေ့နိုင်သောဆိုဖာရီနို ( A Memory of Soferino )ဟု အမည်ပေးထုတ်ဝေခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်များထံဖြန့်ဝေခဲ့သည်။ ထိုစာအုပ်ကြောင့် ကမ္ဘာ့ခေါင်းဆောင်များသည် လုပ်သင့်လုပ်ထိုက်သော အသိအမြင်နှင့် သတိယှဉ်နိုင်ခဲ့ကာ စစ်မြေပြင်မှဒုက္ခသည်များအားကူညီရန် လူမှုရေးအသင်းကြီးတစ်သင်းဖွဲ့စည်းရန် နည်းလမ်းရှာကြသည်။ သို့နှင့် ၁၈၆၃ ခုနှစ် မေလ ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC ) ကို စတင်တည်ထောင်နိုင်ခဲ့ကြသည်။ ဟင်နရီဒူးနန့်၏ စတင်ကြိုးပမ်းစွမ်းဆောင်မှုဖြင့် အသင်းကြီးပေါ်ပေါက်လာခဲ့သောကြောင့် ၁၉၀၁ ခုနှစ်တွင် ဟင်နရီဒူးနန့်ကို ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ပေးခဲ့ပြီး သူ့ကိုမွေးဖွားခဲ့သည်မှာ ၁၈၂၈ ခုနှစ် မေလ ၈ ရက်ဖြစ်၍ ယင်းကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သဘောတူသတ်မှတ်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ အမှတ်တံဆိပ်နှင့် ကြက်ခြေနီအမှတ်အသားကို သတ်မှတ်ရာ၌ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အမှတ်အသားမဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ( ICRC )၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)၊ အမျိုးသားကြက်ခြေနီအသင်းများနှင့် လူမှုကရုဏာလုပ်ငန်းများတွင်အသုံးပြုသော အမှတ်အသားကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၈၆၄ ခုနှစ် ဂျီနီဗာမြို့၌ကျင်းပသော ပထမအကြိမ် သံတမန်များညီလာခံက ယင်းကြက်ခြေနီအမှတ်အသားကို အသုံးပြုရန်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ကြက်ခြေနီအမှတ်အသားအဖြစ် ဆွစ်ဇာလန်နိုင်ငံအလံကို အရောင်ပြောင်းပြန်လုပ်ပြီး နောက်ခံအဖြူရောင်ပေါ်တွင် အနီရောင်ကြက်ခြေနီအမှတ်အသားကို သတ်မှတ်ခဲ့သည်။ အမျိုးသားကယ်ဆယ်ရေးအသင်းများထူထောင်ရေးနှင့် ပထမအကြိမ် ဂျီနီဗာညီလာခံကျင်းပရာ၌လည်း အဓိကပါဝင်ကူညီခဲ့သော ဆွစ်ဇာလန်နိုင်ငံနှင့် ကြက်ခြေနီအသင်းဖခင်ကြီး ဟင်နရီဒူးနန့်တို့ကို ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းလည်းဖြစ်သည်။နောက်ပိုင်းတွင် ဤကြက်ခြေနီအမှတ်အသားကို ဆက်လက်အသုံးပြုရန် ၁၉၄၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ဥပဒေ၏အခြေခံဖြစ်သော ဂျီနီဗာသဘောတူညီချက်ဖြင့်ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် နောက်ထပ်အမှတ်အသားများဖြစ်သော အဖြူရောင်နောက်ခံပါ လခြမ်းနီ၊ ခြင်္သေ့နီနှင့် နေဝန်းနီအမှတ်အသားတို့ကိုလည်း အသိအမှတ်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ကြက်ခြေနီအသင်းသည် ဘေးအန္တရာယ်များကျရောက်တိုင်း ပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်မှကူညီရေးတို့ကို သက်တမ်းရှည်ကြာစွာဆောင်ရွက်ခဲ့သည့် လူမှုကူညီရေးအသင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်မှစတင်၍ အိန္ဒိယနိုင်ငံကြက်ခြေနီအသင်း၏ အသင်းခွဲအဖြစ် ခံယူကာ ကြက်ခြေနီလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် ၁၉၃၇ ခုနှစ်တွင် ဗမာကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်လာနိုင်အောင်ကြိုးစားနိုင်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို အသိအမှတ်ပြုလက်ခံခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတွင် မြန်မာကြက်ခြေနီအသင်းက အသင်းဝင်အဖြစ်ပါဝင်လာနိုင်ခဲ့သည်။

ကြက်ခြေနီအသင်း၏ မူလရည်မှန်းချက်မှာ စစ်မြေပြင်တွင်ဒဏ်ရာရသော လူနာများကို ကူညီကယ်ဆယ်ပြုစုရန်ဖြစ်သော်လည်း နောက်ပိုင်း ပိုမိုကျယ်ပြန့်လာကာ သာမန်အချိန်များတွင် ရုတ်တရက်ဖြစ်ပေါ်လာသော မီးဘေး၊ ရေဘေး၊ လေဘေးနှင့် ငလျင်ဘေးများကြုံသောအခါတွင်လည်း ကြက်ခြေနီအသင်းက ပါဝင်ကူညီခဲ့ကြသည်။ မီးတောက်မီးလျှံတို့ကို ကျော်ချင်းကပ်ရင်ချင်းအပ်ကာ ငြိမ်းသတ်ခဲ့ကြသည်။ ရေလှိုင်းတံပိုးတို့ကို လက်ချင်းတွဲယှက်ရင်ကော့လျက်ဖြင့် တာတမံလုပ်ပေးခဲ့သည်။ နေပူကျဲကျဲ မိုးသည်းသည်းတွင်ခရီးပြင်းနှင်ကာ ဒုက္ခရောက်သူများအရေးအတွက် လက်မနှေးတမ်းပါဝင်ကူညီခဲ့ကြသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးတို့သာမက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်ပါ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မေတ္တာကို အခြေခံ၊ စေတနာ၊ အနစ်နာနှင့်ကျားကန်၍ အကြင်နာတရားကိုမဏ္ဍိုင်ပြု ဆောင်ရွက်သော ပရဟိတအကျိုးဆောင်အဖွဲ့စစ်စစ်ဖြစ်သည်။ မြန်မာကြက်ခြေနီအသင်း၏ဆောင်ရွက်ချက်သည် အပြောသက်သက်မဟုတ် အလုပ်နှင့်သက်သေပြကာ ဆောင်ရွက်ခဲ့မှုကြောင့် ကမ္ဘာကပင် အသိအမှတ်ပြုခံခဲ့ရဖူးသည်။ ကြက်ခြေနီလူငယ်စိုင်းအောင်လှိုင်မြင့်သည် ရေထဲသို့ထိုးကျသွားသော ကားထဲတွင် သေအံ့ဆဲဆဲလူနာကို အသက်စွန့်၍ ကယ်တင်ပေးခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ စွမ်းဆောင်မှုအမြင့်မားဆုံးဆုဖြစ်သော ဟင်နရီဒူးနန့်ဆုကို စိုင်းအောင်လှိုင်မြင့်အား ၁၉၇၇ ခုနှစ်တွင် ချီးမြှင့်ပေးခဲ့သည်။ အလားတူပင် သူနာပြုအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြ၊ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ်၊ သားဖွားဆရာမ ဒေါ်သိန်းရီတို့ကိုလည်း အမြင့်မားဆုံးကြက်ခြေနီဆုတံဆိပ်ဖြစ်သော ဖလောရင့်နိုက်တင်ဂေးဆုများချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ၁၉၅၉ ခုနှစ်တွင် ကြက်ခြေနီအသင်းအက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ထပ်မံပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ် နိုင်ငံတော်အက်ဥပဒေပြဋ္ဌာန်းချက်အရ ဗမာနိုင်ငံကြက်ခြေနီအသင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ကြက်ခြေနီအသင်း၏အခြေခံမူများအဖြစ် အောက်ပါအတိုင်းသတ်မှတ်ခဲ့သည်။ ယင်းအခြေခံမူများမှာ–

(၁)လူသားချင်းစာနာထောက်ထားခြင်း (Humanity)
(၂) ခွဲခြားမှုမရှိခြင်း (Impartiality)
(၃)ကြားနေခြင်း (Neutrality)
(၄)လွတ်လပ်ခြင်း (Independence)
(၅)စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း (Voluntary Service)
(၆)စည်းလုံးညီညွတ်ခြင်း (Unity)
(၇)ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ဖြစ်သည်။ထိုအခြေခံမူများတွင် လူသားချင်းစာနာထောက်ထားခြင်းသည် ကြက်ခြေနီအသင်း၏အဓိကရည်ရွယ်ချက်ပန်းတိုင်ပင်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါကဲ့သို့သော ကူးစက်ရောဂါများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြရသည့်အခါ ကြက်ခြေနီအသင်းသားများသည် အရေးပေါ်အခြေအနေများတွင် အင်တိုက်အားတိုက်ကူညီနိုင်စေရန် ကြက်ခြေနီအခြေခံသင်တန်းများ၊ အရေးပေါ်အသက်ကယ်နည်းများကို စနစ်တကျသင်ကြားလေ့ကျင့်ထားရပေသည်။ အရေးပေါ်အခြေအနေများကြုံရသည့်အခါတွင်လည်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ဆင်းရဲချမ်းသာ ကျား မ မရွေး အကြင်နာ၊ မေတ္တာဖြင့် ကူညီစောင့်ရှောက်မှုများ လုပ်ကိုင်ဆောင်ရွက်ပေးကြသည်။ ကြက်ခြေနီဟူသည်မှာ စေတနာ့ဝန်ထမ်းအကျိုးဆောင်သူများဖြစ်ရာ လူသားအားလုံးအပေါ် မေတ္တာတရားကို အခြေခံ၍ လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီဖေးမသောအဖွဲ့အစည်းအဖြစ် အမြဲရပ်တည်နေမည်ဖြစ်သည်။ ယခု မကြာမီကကြုံတွေ့ခဲ့ရသော မန္တလေးငလျင်ကြီးတွင် ကြက်ခြေနီမောင်မယ်များက အစုစုသော ပရဟိတအကျိုးဆောင်အဖွဲ့များနှင့် ပူးပေါင်းလျက်အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့သည်။နောက်နောင်တွင် မည်သို့သော သဘာဝဘေးအန္တရာယ်များကြုံလာပါစေ ကြက်ခြေနီများက ရင်မှဖြစ်တည်သော အဖြူရောင်စိတ်ထား၊ စေတနာ၊ ကိုယ်ချင်းစာတရားတို့ဖြင့် ပြည်သူမှန်သမျှကို ရန်သူ၊ မိတ်ဆွေ၊ အသင်းအဖွဲ့၊ ဂိုဏ်းဂဏမခွဲခြားဘဲ ကူညီဖေးမကြမည်ဖြစ်သည်။ ထိုသို့သော စိတ်ထား စေတနာမြတ်နှင့် ကူညီဖေးမဆောင်ရွက်ပေးသော စေတနာ့ဝန်ထမ်း ကြက်ခြေနီမောင်မယ်များကို စာနာနားလည်မှု၊ လက်ကမ်းကြိုဆိုမှုနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် လောကကြီးကို တည်တံ့အောင်၊ ငြိမ်းချမ်းသာယာအောင်စောင့်ရှောက်ပေးသောတရားများဖြစ်၍ လောကပါလတရားဟုခေါ်ဆိုသည်။ ကြက်ခြေနီစေတနာ့ဝန်ထမ်းများသည် ထိုဗြဟ္မစိုရ်တရားလောကပါလတရားများကို လက်ကိုင်ပြု၍ လူသားအားလုံးအပေါ်တွင် ကိုယ်ချင်းစာတရားနှင့် အမြဲကူညီစောင့်ရှောက်ပေးနေသော အဖိုးတန်လူသားများဖြစ်သည်။ သူတို့၏ မေတ္တာ၊ စေတနာအရင်းခံသော ကူညီဖေးမမှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် ဒုက္ခသောကဝေဒနာရှင်များအငိုတိတ်၍ စိတ္တသုခ၊ ကာယသုခများ ပွားများခံစားနေကြရပေရာ လူသားအကျိုးပြု ကြက်ခြေနီအသင်းကြီး ကမ္ဘာတည်သရွေ့ ထာဝရတည်တံ့ပါစေကြောင်း ဆန္ဒပြုရင်း ၂၀၂၅ ခုနှစ် မေလ ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနပိုင်မြေနေရာ၌ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး စီစဉ်တည်ဆောက်ပေးနေသည့်အိမ်ရာများကိုလည်းကောင်း၊ အဆိုပါမြေနေရာနှင့် ရုံးသို့ဆက်သွယ်သော လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း၊ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးဖော်နေမှုကိုလည်းကောင်း၊ ကွန်တိန်နာများ စီစဉ်ချထားမည့်မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လမ်း၊ ရေ၊ မီး၊ မိလ္လာစနစ်များအပါအဝင် ဘာရှာများကို မေလ ၁၅ ရက်ပြီးစီးအောင်ဆောင်ရွက်ရန်နှင့်မေလ ၁၇ ရက်တွင် ပြောင်းရွှေ့နေရာချထားပေးရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ပေါက်မြိုင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် ဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့်ဖွင့်လှစ်ခဲ့သော လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသော ဒေါ်ခင်ထွေး၏ ဖူးအိချယ် လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကြို့ပင်သာကျေးရွာသို့သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေါင်းလောင်း-ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတားပေ ၆၀၀ ၏ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာသို့ သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းတို့ဖြင့် နွေစပါး၊ မိုးစပါး စိုက်ပျိုးနေသော သမဝါယမ အသင်းသားများနှင့်တွေ့ဆုံပြီး သမဝါယမ အသင်းသားတောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် စိုက်နည်းစနစ်လေးမျိုးမှန်ကန်စွာ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းစိုက်ပျိုးကြရန်၊ လိုအပ်သည့်မျိုး၊ သွင်းအားစုများအချိန်မီရရှိရေး ဆောင်ရွက်ပေးရန်၊ သီးထပ်သီးညှပ် စိုက်ပျိုးကြရန်နှင့်လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယန္တရားဝင်းသို့သွားရောက်၍ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေးအတွက် အိပ်ခန်း ၁၀ ခန်း စီစဉ်ဆောင်ရွက်ပေးပြီး ဝင်ရောက်နေထိုင်နေမှုများကိုကြည့်ရှုစစ်ဆေးကာ စနစ်တကျနေရာချထားပေးရန်နှင့်ကြော်လှော်ချက်ပြုတ်ရာတွင် လျှပ်စစ်မီး၊ မီးဖိုမီးများ စနစ်တကျအသုံးပြုရန် မှာကြားကြောင်း သိရသည်။

မြဝတီ

# Samaritan's Purse International Relief ဆေးအဖွဲ့က ငလျင်ကြောင့်ထိခိုက်ဒဏ်ရာရရှိသူ လူနာစုစုပေါင်း ၅၀၀၀ ကျော်ကို အရေးပေါ်ခွဲစိတ်ကုသခြင်းနှင့်ဆေးကုသခြင်းလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် မေ ၇

Samaritan's Purse International Relief ဆေးအဖွဲ့အနေဖြင့် ဧပြီလ ၅ ရက်မှ မေလ ၆ ရက်အတွင်း ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးကုသမှုဆေးရုံတွင် ခွဲစိတ်ကုသမှုပေါင်း ၃၀၃ ခု လူနာပေါင်း ၅၈၁၃ ဦးကို ကုသမှုပေးခဲ့ပြီး ယခုလှူဒါန်းလွှဲပြောင်းပေးခဲ့သော အရေးပေါ်ဆေးရုံတွင် အရေးပေါ်ဆေးကုသဆောင်၊ လူနာဆောင်များ၊ အရေးပေါ်ခွဲစိတ်ခန်းများ၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်း၊ ရေသန့်စင်စနစ်များပါဝင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်တန်ဖိုးရှိကြောင်းသိရသည်။




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ကိုယ်စား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် အရေးပေါ်ဆေးရုံ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင်သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်များစွာပျက်စီးဆုံးရှုံးခဲ့ရပြီး ဆေးရုံဆေးခန်းပေါင်း ၃၅၀ ကျော်ပျက်စီးခဲ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများအားဖိတ်ခေါ်ခဲ့ရာ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့ ၂၈ ဖွဲ့ လာရောက်ကူညီပေးခဲ့ပြီး Samaritan's Purse International Relief လည်းအပါအဝင်ဖြစ်ကြောင်း၊ Samaritan's Purse ဆေးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရွှေကြာပင်အားကစားကွင်း၌ ဧပြီလ ၅ ရက်မှစတင်၍ ယာယီဆေးရုံဖွင့်လှစ်ကာ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ပြင်ပလူနာအပါအဝင် လူနာစုစုပေါင်း ၅၀၀၀ ကျော်ကို အရေးပေါ်ခွဲစိတ်ကုသခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်အိမ်ထောင်စု ၅၀၀၀ အတွက် ဆိုလာမီးများ၊ ရေသန့်စက်များ၊ အိမ်ထောင်စုသုံးပစ္စည်းများ အစရှိသည်တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ Samaritan's Purse အဖွဲ့သည်ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးကုသမှုဆေးရုံအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် Samaritan's Purse International Relief အဖွဲ့မှ အဖွဲ့ခေါင်းဆောင် မစ္စတာဂျွန်မေလ်တန်နှင့် ဆေးရုံအုပ်ချုပ်မှု ဒါရိုက်တာ မစ္စတာပီတာဟော့ဇ်တို့က Samaritan's Purse ဆေးအဖွဲ့၏ မြန်မာနိုင်ငံတွင် ငလျင်တုံ့ပြန်ရေး အရေးပေါ်ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်အရေးပေါ်ဆေးရုံ လွှဲပြောင်းပေးအပ်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Samaritan's Purse International Relief ဆေးအဖွဲ့မှ ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးရုံအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ




# ကော့မှူးမြို့နယ်၊ ထမ္မနိုင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၇

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထမ္မနိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေကျောင်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၃၂ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊



### လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ပို့ဆောင်နှုတ်ဆက်စဉ်။

## ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းများဖွင့်လှစ်နိုင်ရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်သည် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သို့ရောက်ရှိပြီး သင်တန်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခပညာဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် လေ့ကျင့်သင်ကြားရေးဌာနများမှ တာဝန်ခံအရာရှိများနှင့် တွေ့ဆုံ၍ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းများစတင်ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ရေး၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသော သင်တန်းအိပ်ဆောင်များ၊ စာသင်ဆောင်များ အချိန်မီပြင်ဆင်ပြီးစီးရေးနှင့် ပြင်ဆင်ရာတွင် ကျွမ်းကျင်သူများ၏ အကြံပြုချက်အတိုင်းအလေးထား ဆောင်ရွက်ရန်၊ ပညာဌာနများအနေဖြင့် သင်ရိုးညွှန်းတမ်း၊ ပို့ချဘာသာရပ်များစနစ်တကျပြင်ဆင်ထားရန် မှာကြားသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းများဖွင့်လှစ်နိုင်ရေး သင်တန်းအိပ်ဆောင်၊ စားရိပ်သာများ၊ သင်တန်းခန်းမများပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးနေမှုများအပေါ် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့အား
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး
ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး
ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊
ကောင်စီအဖွဲ့ဝင်များ၊
ပြည်ထောင်စုဝန်ကြီးများ၊
နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊
ကာကွယ်ရေးဦးစီးချုပ်ရုံးမှ
အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်
ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်
တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ
ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ
တာဝန်ရှိသူများက နေပြည်တော် တပ်မတော်
လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova တို့နှင့်တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenkoနှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင်ခြံရံ၍ နိုင်ငံတော်အဆင့်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## မအူပင်မြို့နယ်၌ ဆီထွက်သီးနှံနေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်သဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရေးကို အထောက်အကူပြုမည်ဖြစ်

မအူပင် မေ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဆီထွက်သီးနှံ နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်သဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၀ ဒသမ ၂၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်အတွင်းမှာ ဆောင်းသီးနှံနေကြာ လျာထားဧက ၁၁၅၅၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့နေကြာတွေ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးဌာနက ဆောင်ရွက်ပေးပါတယ်။ နေကြာက မြေအမျိုးအစားအပေါ် မူတည်ပြီး အထွက်နှုန်းကွာခြားပါတယ်။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို အထွက်နှုန်းပိုကောင်းအောင် ခရိုင်နဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ်၌ ဆီထွက်သီးနှံနေကြာများအထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့်ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ မျိုးကောင်းမျိုးသန့်အသုံးပြုမှုများ၊ စိုက်ပျိုးနည်းစနစ်များစသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူအားလုံးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် မိမိဒေသတွင်းအပြင် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# High-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing arrives in Russian Federation to attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945)

NAY PYI TAW May 7

At the invitation of President of the Russian Federation Mr. Vladimir Putin, a high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, left Nay Pyi Taw Tatmadaw Airport by special flight this morning to attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) to be held in Russian Federation.




Russian officials accord a red-carpet welcome to Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla.

The high-level Myanmar delegation led by the Senior General and wife was seen off at the airport by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife, Daw Than Than Nwe, SAC Secretary General Aung Lin Dway and wife, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, and officials of the Embassy and Military Attache Office of the Russian Federation.



Daw Kyu Kyu Hla accepts a bouquet from the welcoming party.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, being seen off at Nay Pyi Taw Tatmadaw Airport.

The Senior General and wife were accompanied by members of the delegation, SAC Joint Secretary General Ye Win Oo and wife, Deputy Prime Minister and Union Minister for Defence General Maung Maung Aye, Dr Ba Shwe and Khun San Lwin, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, senior military officers from the Office of the Commander-in-Chief, deputy ministers, military and civilian officials.

See Page - 19 ●●

From Page - 18

During the visit, the Senior General will attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) and relevant events, hold exclusive talks with the dignitaries who will attend the events and work toward strengthening of strategic cooperation in economic, security and multiple sectors between the two countries and the two peoples.

Similarly, wife of the Senior General Daw Kyu Kyu Hla will hold talks with Speaker of the Federation Council of the Federal Assembly of the Russian Federation Mrs. Valentina Matvienko and Chairperson of the Russian Chapter of the BRICS Women's Business Alliance Ms. Anna Nesterova.

On arrival at Vnukovo International Airport in Moscow at local time afternoon, the Senior General and delegation were warmly welcomed by Deputy Foreign Affairs Minister of Russia Mr. Andrey Rudenko and officials, Myanmar Ambassador to Russia U Thit Lin Ohn and Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo.

The welcoming ceremony was flanked by the Guard of Honour of Russian Federation all along the State-level occasion.

**100**

# Danubyu Township supplies Pakhan strain of paddy to Yangon market

DANUBYU May 7

A large quantity of Pakan paddy was successfully shipped to Yangon market, said Daw Thet Thet, the owner of rice and paddy trading in Danubyu Township.

75,000 baskets of Pakan paddy were sent to the Yangon market from Danubyu Township.

"In the past month, a significant amount of Pakan paddy has been sold from this region. The Pakan paddy shipped from Danubyu Township to the Yangon market is of high quality. Due to strong demand from buyers in the Yangon market, the volume of paddy exports has increased. Currently, paddy prices are also high. In the domestic rice and paddy market, Pakan paddy is in high demand," said Daw Thet Thet.

In the past month, the price of Pakan paddy from Danubyu Township to the Yangon market fetched Ks-1.78 million per 100 baskets. Due to the increased sales of this paddy strain, farmers, traders, cargo workers, and truck rental business owners in production chain have benefited from employment opportunities.



**SMK**

# More than 21,000 acres of chickpeas reaped in Sagaing Township

SAGAING May 7

According to records from the Sagaing Township Department of Agriculture, a total of 21,951 acres of chickpeas have been harvested in Sagaing Township, Sagaing District, Sagaing Region.

During the winter cropping season, a total of 26,911 acres of chickpeas were planted in Sagaing Township. The harvesting process began in January this year, and as of today, 21,951 acres have been harvested, with an average yield of 19.37 baskets per acre.

"The chickpea cultivation area in Sagaing Township covers up to 26,911 acres. Currently, the harvesting process is underway, and so far, 21,951 acres have been harvested. Chickpea cultivation has been expanded year by year. To improve crop yield and quality, we have collaborated with farmers by providing high-quality seeds, essential nutrients, and post-harvest techniques," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.

For chickpea cultivation in Sagaing Township, locally suitable and high-yielding varieties such as Yezin-8 and Yezin-11 have been chosen. It is reported that the cost of cultivating chickpeas per acre exceeds Ks-300,000.

During this year's winter cropping season, efforts have been made to enhance both yield and quality through the use of high-quality seeds, necessary fertilizers, and advanced post-harvest techniques in collaboration with farmers. Additionally, educational programmes have been conducted to encourage the use of Trichoderma fungi for improving soil health.

Sagaing Region is the largest chickpea-producing region in Myanmar. It plays a significant role in nationwide legume production, cultivating chickpeas as a primary crop as well as an intercropping option, providing farmers with a steady source of income.

**SK**

# Monsoon pigeon pea harvested on all sown acreage in Kanbalu Township



KANBALU May 7

Local farmers have harvested all acreage of monsoon pigeon in Kanbalu Township of Sagaing Region, according to the Kanbalu Township Agriculture Department.

A total of 115,660 acres of monsoon pigeon pea crops were cultivated in Kanbalu Township. The harvesting of these crops began in December 2024, and as of today, 100 percent of the cultivated area has been harvested, yielding an average of 15.42 baskets per acre.

To support pigeon pea farmers, the Township Agriculture Department has provided guidance on selecting high-quality seeds, adopting proper cultivation methods, preventing pests, and improving yields.

Moreover, the department has been promoting the use of a combined fertilizer technique involving urea and lime to help farmers reduce costs. This method has been found to lower cultivation expenses while enhancing plant health and preventing pest infestations.

**SMK**

# Farmers finish harvest of more than 3,000 acres of lima bean in Pwintbyu Township

PWINTBYU May 7

According to the Pwintbyu Township Department of Agriculture, a total of 3,042 acres of winter lima bean planted during the winter cultivation season, have been harvested in Pwintbyu Township, Magway Region.

In Pwintbyu Township, a total of 9,706 acres of lima bean were cultivated during the winter growing season. Local farmers began harvesting in the fourth week of January this year, and as of today, 3,042 acres have been completely harvested.


"In the winter cropping season, local farmers planted 9,706 acres of lima bean were cultivated in Pwintbyu Township. They have been harvesting these crops since January, and as of today, 3,042 acres have been completely harvested, yielding 24.12 baskets per acre. To prevent a decline in yield rates, farmers are being educated on systematic harvesting methods and proper storage techniques. Due to the strong market demand and favourable prices for peanuts, local farmers engage in commercial cultivation during the winter cropping season," said Daw Moe Moe Wai, the head of the Pwintbyu Township Department of Agriculture.

During the winter cropping season, the Pwintbyu Township Department of Agriculture has been supporting lima bean farmers to enhance their crop productivity. This includes selecting high-quality and locally suitable seeds, ensuring protection against pests and diseases, using fertilizers systematically, and following proper harvesting techniques in a timely manner.

It is noted that if sown acreage of lima bean cultivation is expanded annually with good yield outcomes, it will not only ensure local food security but also create surplus for sale, contributing to the socio-economic development of farmers, said Daw Moe Moe Wai, the head of the Pwintbyu Township Department of Agriculture.

**SK**

# 26 civilians killed, 46 injured in Indian attack on Pakistan: official



ISLAMABAD May 7

Twenty-six people, including women and children, were killed and 46 others injured when India attacked civilian settlements in six areas of Pakistan on Tuesday night and Wednesday morning, a spokesperson for the Pakistani army's media wing said.

India attacked houses and mosques, targeting civilians in the Pakistan-controlled Kashmir and the country's east Punjab province, Director General of the Inter-Services Public Relations (ISPR) Lieutenant General Ahmed Sharif Chaudhry told media in a briefing.

He confirmed that the Pakistan Air Force shot down five Indian fighter jets, including three Rafales, one MiG-29, one Sukhoi, and a combat drone whose debris fell inside Indian territory. "None of the Pakistani aircraft went inside Indian airspace," he added.

The ISPR chief said several posts and a brigade headquarters of the Indian army were targeted in Pakistan's retaliatory action.

Pakistani Air Force launched the attack only after India carried out "the unprovoked, uncalled-for aggression against the territorial integrity, and the innocent people of Pakistan by firing at them through standoff weapons."

In this incident, India targeted and damaged the Nausari dam structure of the Neelum-Jhelum Hydropower Project in Muzaffarabad district, Chaudhry said, adding "targeting hydro infrastructure is an unacceptable and dangerous escalation."

The ISPR chief said that at the time of the attack, scores of national and international flights were in Pakistan's airspace and thousands of civilian passengers' lives were put in grave danger.

Chaudhry said that Pakistan will retaliate in response to the attack which happened in "the darkness of the night," adding that last night's actions from Pakistan were only a retaliation in self-defence.

"Pakistan reserves the right and will respond to this aggression at a time, place, and means of our own choice," he noted.

**Xinhua**

# Pakistan fully capable of defending geographical boundaries, responding to Indian aggression: PM

ISLAMABAD May 7

Pakistani Prime Minister Shehbaz Sharif said on Wednesday that his country is fully capable of defending its geographical boundaries as well as responding to any kind of Indian aggression.

Sharif made the remarks while addressing the National Assembly, or the lower house of the country's parliament.

He said that Pakistan shot down five Indian jets without crossing into the Indian airspace.

The National Security Committee (NSC) of Pakistan has "authorized" the country's army to "undertake corresponding" retaliation for Indian attacks which killed 26 civilians and injured 46 others, the Prime Minister's Office said in a statement on Wednesday.

Tensions between the two South Asian neighbors have escalated following a deadly attack on tourists in Pahalgam, in which at least 25 people were killed, according to Indian media reports. **Xinhua**

# 11 Killed, 5 injured after truck collides with bus in Indonesia

JAKARTA May 7

At least 11 people were killed and five others injured when a truck collided with a small bus in Indonesia's Central Java province on Wednesday, a senior rescue official said.

The truck, which was carrying a load of sand, failed to climb an uphill road in Kalijambe Village, Bener Sub-district, at around 11:30 a.m. Jakarta time, according to Abdullah, head of the search and rescue office in Cilacap Regency.

"It is suspected that the truck experienced brake failure. It rolled backward to the left, hitting a small bus, and then crashed into a house," Abdullah told Xinhua.

"Our team immediately went to the scene to carry out the evacuation. All 11 fatalities were passengers on the small bus. Five others were injured," he said.

Abdullah added that all the victims and the injured were taken to Purworejo General Hospital.

**Xinhua**



# IDF airstrikes 'fully disabled' Yemen's main airport – Israel

JERUSALEM May 7

Airstrikes launched by the Israeli Defence Forces have "fully disabled" the international airport in Yemen's capital Sanaa and hit other targets, the IDF announced on Tuesday.

The series of strikes on Houthi-controlled targets in the country came as a response to the rebel group's ballistic missile attack on Ben Gurion International Airport near Tel Aviv on Sunday.

"The fighter jets struck and dismantled Houthi terrorist infrastructure at the main airport in Sanaa, fully disabling the airport," the IDF said. It added that several power stations and a concrete plant were also hit.

Footage circulating online showed thick black smoke rising over Sanaa.

Tuesday's strikes killed at least three people and wounded more than 30, according to Houthi-run broadcaster Al Masirah. They came less than 24 hours after Israel bombed the port of Hodeidah, killing one person and injuring dozens more.

The broadcaster warned that the latest attacks could worsen Yemen's humanitarian crisis by disrupting electricity services.

The airstrikes represent a sharp escalation in hostilities between the IDF and the allegedly Iran-backed Houthis.

On Sunday, a Houthi missile struck near Ben Gurion Airport, injuring six and briefly disrupting air traffic. It appeared to be the first time a Houthi projectile had reached the area despite the country's air defenses. The attack prompted a strong condemnation from Israeli officials.

The Houthis claimed responsibility, calling the strike a response to Israel's military campaign in Gaza. They warned of "a comprehensive air blockade" and vowed to "repeatedly target airports," specifically Ben Gurion. **RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Jab slashes heart attack and stroke risk for eight years, study suggests

People who get the shingles vaccine have a 26 percent lower risk of suffering a heart attack, heart failure or stroke, a study suggests.

South Korean experts found the jab had this effect after analysing data from over one million patients and found the protection lasted for up to eight years.

They also found the protective effect was stronger for men, people jabbed under the age of 60, and those with unhealthy lifestyles that left them at greater risk of serious cardiovascular events.

Shingles is a painful nerve and skin infection caused by the same virus behind chickenpox that causes a telltale blotchy rash.

It triggers when virus from a previous chickenpox infection reactivates in the body, sometimes many years later.

Shingles isn't dangerous for most people but can be deadly for older adults or those with weakened immune systems like cancer patients.

This is why certain groups in the UK are offered a shingles vaccine to reduce their odds of becoming seriously ill with the infection.

But the new research suggests there could be additional health benefits to getting the jab.

In the study, experts from Kyung Hee University College of Medicine analysed health data from nearly 1.3million people in Korea with an average age of 61.

Half of the cohort had got the shingles vaccine, whilst the other half were unvaccinated.

They compared vaccination history with health records of any cardiovascular events for up to 12 years and accounted for factors like age, wealth and lifestyle habits like drinking and smoking status.

The authors found people that got the shingles jab had, overall, a 23 per - cent lower chance of suffering poor cardiovascular health.

But they found this increased to a 26 percent lower risk of serious health emergencies like strokes, heart attacks and heart failure.

People who got the vaccine also had a 22 percent lower chance of coronary heart disease, a condition where the arteries become narrowed by a build-up of fatty material called plaque, increasing the risk of complications.

Lead author of the research, Professor Dong Keon Yon, said they believed the vaccine helped protect the body from the damage shingles can cause.

'A shingles infection can cause blood vessel damage, inflammation and clot formation that can lead to heart disease,' he said.

'By preventing shingles, vaccination may lower these risks.'

He added the protection seemed to be more effective in younger people, probably thanks to their stronger immune systems.

Professor Yon said the effect also seemed stronger in men, which could be a sign that the vaccine worked better for males than females.

Publishing their findings in the European Heart Journal, the experts found while the protection offered by the jab was strongest for two to three years post vaccination it still had a significant impact for up to eight years.

Professor Yon said the study was strong due to its large sample size and accounting for factors like wealth and health history that could influence the results.

However, he acknowledged it did have some limitations.

'As this study is based on an Asian cohort, the results may not apply to all populations,' he said.

Another limitation, acknowledged by




the authors, is that their study only looked at a shingles vaccine that uses a live, but weakened, version of the virus.

Such vaccines are being phased out in many countries in favour of a new version, delivered as two doses 12 months apart, that only uses part of the virus.

The NHS phased out the live version of the shingles jab in September 2023 in favour of the newer version.

Professor Yon said his team are planning another study to examine if the new shingles vaccine offered the same or similar protection.

Currently, the NHS offered the shingles vaccine to all adults between the age of 65 and 79.

The jab is also offered to people over the age of 50 with severely compromised immune systems.

Official data, covering the period up to January this year, shows only one in six of eligible 65-year-olds in England have received the first dose of the new shingles jab.

While shingles is a mild illness for most people it can trigger serious complications like pneumonia, inflammation of the brain or the tissues that surround it.

It's these serious complications that can make shingles deadly with the infection estimated to kill one in every 1,000 patients over 70 who contract it.

**Mail Online**

SPECIAL REPORTS ON INDIA-PAKISTAN CONFLICT

# အိန္ဒိယနဲ့ပါကစ္စတန်တို့ကြား ပဋိပက္ခဖြစ်ပွားမှု နောက်ဆုံးရသတင်းများ

ဧပြီလ ၂၂ ရက်ကဖြစ်ပွားတဲ့ အိန္ဒိယနိုင်ငံလက်အောက်ရှိ ကက်ရှမီးယားဒေသရဲ့ ပါဟယ်ဂမ်မြို့အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး အိန္ဒိယနဲ့ပါကစ္စတန်တို့ကြား တင်းမာမှုများမြင့်တက်လာခဲ့ရာမှ အခုဆိုရင် ဒုံးကျည်များနဲ့တိုက်ခိုက်မှုများ ဖြစ်ပွားတဲ့အထိပါ ဖြစ်လာပါပြီ။ မကြာသေးမီကဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုဟာ ပါကစ္စတန်နိုင်ငံမှာအခြေစိုက်ထားတဲ့အပြင် ကုလသမဂ္ဂကပါ အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ထားသူများက လုပ်ဆောင်ခဲ့တယ်ဆိုတာကို ထိုအကြမ်းဖက်သမားများကိုယ်တိုင် ဝန်ခံထားပါတယ်။ ဒါကြောင့်လည်း ဒီအကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်တဲ့နေရာမှာ ပါကစ္စတန်နိုင်ငံကပါဝင်ပတ်သက်မှုရှိနေတယ်လို့ အိန္ဒိယနိုင်ငံကပြောဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပါကစ္စတန်ကတော့ ဒီလိုအခြေအနေမျိုးမရှိခဲ့ဖူးဘူးလို့ တွင်တွင်ငြင်းဆိုခဲ့ပါတယ်။ အခုတော့ သူတို့နှစ်နိုင်ငံကြားအခြေအနေတွေက တင်းမာမှုဆိုတဲ့အဆင့်ထက်ကိုကျော်လွန်ပြီး တိုက်ခိုက်မှုဆိုတဲ့အဆင့်ကိုပင် ရောက်လို့လာပါပြီ။ ဒါနဲ့ပတ်သက်ပြီး မေလ ၇ ရက်မှာဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## ၂၅ မိနစ်သာကြာတဲ့ အိန္ဒိယရဲ့ အော်ပရေးရှင်းဆင်းဒူး

အိန္ဒိယတပ်မတော်က မေလ ၇ ရက်မှာ အော်ပရေးရှင်းဆင်းဒူး (ဆင်းဒူးစစ်ဆင်ရေး)ကို စတင်လိုက်ပါတယ်။ ဒီစစ်ဆင်ရေးဟာ ပါဟယ်ဂမ်အကြမ်းဖက်တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်တယ်လို့ အိန္ဒိယတပ်မတော်မှဒုတိယဗိုလ်ချုပ်ကြီးဆာတစ်ဒူးအာက ထုတ်ပြန်လိုက်ပါတယ်။

ဒီစစ်ဆင်ရေးက အချိန်အားဖြင့် ၂၅ မိနစ်သာကြာမြင့်ပြီး အဲဒီအချိန်အတွင်းမှာပဲ အကြမ်းဖက်သမား ၇၀ လောက်ကိုချေမှုန်းသုတ်သင်လိုက်နိုင်တယ်လို့ဆိုပါတယ်။ ဒီစစ်ဆင်ရေးရဲ့အဓိကပစ်မှတ်က ကိုးခုရှိပါတယ်။ အဲဒီပစ်မှတ်အားလုံးကလည်း အကြမ်းဖက်သမားတွေသာရှိတဲ့နေရာများဖြစ်ပြီး ပစ်မှတ်ရဲ့တည်နေရာတွေက ပါကစ္စတန်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံကထိန်းချုပ်ထားတဲ့ ကက်ရှမီးယားဒေသမှာဖြစ်တယ်လို့ဆိုပါတယ်။

အခုစစ်ဆင်ရေးဟာ အကြမ်းဖက်သမားတွေရှိတဲ့နေရာကိုသာ အဓိကဦးတည်လုပ်ဆောင်တာဖြစ်တဲ့အတွက် အိန္ဒိယအနေနဲ့ကတော့ ဒီအခြေအနေကို အခုထက်ပိုပြီး ဆိုးမလာစေချင်ဘူးလို့ ဒုတိယဗိုလ်ချုပ်ကြီးဆာတစ်ဒူးအာကဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ ပါကစ္စတန်ဘက်ကရန်စလာမယ်ဆိုရင် လက်တုံ့ပြန်သွားနိုင်ဖို့အတွက် အမြဲတမ်းအသင့်အနေအထားနဲ့ရှိတယ်လို့သူကဆက်ပြောထားပါတယ်။

**TOI**

## စစ်ဆင်ရေးမှာအသုံးပြုခဲ့တဲ့ လက်နက်တွေ


အိန္ဒိယတပ်မတော်က ဆင်းဒူးစစ်ဆင်ရေးနဲ့ လက်ရှကာအီးတိုင်ဘာ (LeT) နဲ့ ဂျေ့ရှအီးမိုဟာမတ် (JeM) အကြမ်းဖက်အဖွဲ့တွေရဲ့ တိုက်ခိုက်ရေးသမားတွေ၊ လေ့ကျင့်ရေးဌာနတွေကို ထိရောက်စွာချေမှုန်းနိုင်ခဲ့ပါတယ်။ ဒီလိုမျိုးထိရောက်စွာချေမှုန်းနိုင်ဖို့အတွက် အိန္ဒိယတပ်မတော်က အဆင့်မြင့်ပြီး တိကျမှုရှိတဲ့စစ်လက်နက်ပစ္စည်းများကို အချိန်နဲ့တစ်ပြေးညီရရှိတဲ့ ထောက်လှမ်းရေးအချက်အလက်များနဲ့ တွဲဖက်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးမှာပါကစ္စတန်ရဲ့စစ်ရေးပစ်မှတ်များကိုရှောင်လွှားနိုင်ဖို့အတွက် ကြည်း၊ ရေ၊ လေတပ်ပေါင်းစုက ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

ဒီစစ်ဆင်ရေးမှာအဓိကအသုံးပြုခဲ့တဲ့လက်နက်တွေထဲမှာ Storm Shadow လို့သိထားကြတဲ့ ဝေဟင်ကနေပစ်လွှတ်ရသောတာဝေးပစ်ဒုံးကျည်များလည်း ပါဝင်ပါတယ်။ ဒီဒုံးကျည်တွေကို Rafale တိုက်လေယာဉ်တွေလိုမျိုး အဆင့်မြင့်တိုက်လေယာဉ်တွေကနေ ပစ်ခတ်နိုင်ပါတယ်။ ဒါကြောင့် ရန်သူ့နယ်မြေထဲ တိတ်တဆိတ်ဝင်ရောက်ပြီး အရေးကြီးပစ်မှတ်များကို ထိရောက်စွာချေမှုန်းနိုင်တာဖြစ်ပါတယ်။

နောက်ထပ်လက်နက်တစ်မျိုးကတော့ Hammer လို့ခေါ်တဲ့ တိကျပဲ့ထိန်းဗုံးဖြစ်ပါတယ်။ အဲဒီဗုံးများက တိကျမှုမြင့်မားတဲ့တိုက်ခိုက်မှုစွမ်းရည်ကိုပေးစွမ်းပြီး ပုံသေပစ်မှတ်ကိုသာမက လှုပ်ရှားပစ်မှတ်များကိုပါ ထိမှန်အောင်တိုက်ခိုက်နိုင်စွမ်းရှိတာဖြစ်ပါတယ်။




နောက်ဆုံးအသုံးပြုသွားတဲ့လက်နက်စနစ်တစ်မျိုးကတော့ အသေခံဒရုန်းများပဲဖြစ်ပါတယ်။ ဒီဒရုန်းတွေနဲ့ကင်းထောက်မှုလုပ်ဆောင်တယ်။ ပစ်မှတ်ကိုသတ်မှတ်တယ်။ တိကျတဲ့ပစ်ခတ်မှုကိုလုပ်ဆောင်တယ်။ ဒီလိုလက်နက်တွေကြောင့် အိန္ဒိယက ပါကစ္စတန်နိုင်ငံထဲမှာရှိတဲ့ အကြမ်းဖက်သမားများကို မြေပြင်စစ်သည်တစ်ဦးတစ်ယောက်မျှအသုံးပြုစရာမလိုဘဲ ချေမှုန်းနိုင်ခဲ့တာဖြစ်ပါတယ်။




**TOI**

## အိန္ဒိယတိုက်လေယာဉ်သုံးစင်း ပျက်ကျ

အိန္ဒိယနိုင်ငံကထိန်းချုပ်ထားတဲ့ ကက်ရှမီးယားဒေသထဲမှာ အိန္ဒိယနိုင်ငံရဲ့တိုက်လေယာဉ်သုံးစင်း ပျက်ကျသွားတယ်လို့ အစိုးရသတင်းအရင်းအမြစ်များရဲ့ပြောဆိုချက်ကိုကိုးကားပြီး The Hindu သတင်းဌာနကဖော်ပြထားပါတယ်။

ဒီတိုက်လေယာဉ်တွေဟာ အက်ခနူး၊ ရမ်ဘန်နဲ့ ပမ်ပိုးဒေသတို့မှာပျက်ကျသွားတာဖြစ်ပြီး ဒီလိုမျိုးပျက်ကျမှုဖြစ်ပွားရတဲ့ အကြောင်းရင်းအသေးစိတ်ကိုတော့ တာဝန်ရှိသူတွေက ထုတ်ပြန်ထားခြင်းမရှိပါဘူး။ ဒါပေမဲ့ ပါကစ္စတန်ဘက်ကတော့ သူတို့အနေနဲ့ အိန္ဒိယနိုင်ငံရဲ့ Rafale တိုက်လေယာဉ်အပါအဝင် လေယာဉ်ငါးစင်းကို ပစ်ချလိုက်တယ်လို့ ပါကစ္စတန်စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ ရှာရစ်ချောင်ဒရီက ပြောပါတယ်။ အလားတူ ပစ်ချခံရလို့ပျက်ကျသွားတဲ့ လေယာဉ်တစ်စင်းရဲ့ပုံရိပ်များကိုလည်း ထုတ်ပြန်လိုက်ပါတယ်။ အိန္ဒိယဘက်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး မှတ်ချက်ပြုပြောထားတာမရှိပါဘူး။

**Xinhua, WP**

## အရပ်သားများစွာသေဆုံးမှုရှိ

အိန္ဒိယတပ်မတော်ရဲ့တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်ဘက်ကအရပ်သားများ သေဆုံးမှုရှိတယ်လို့ ပါကစ္စတန်စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူကပြောပါတယ်။ ဒီတိုက်ခိုက်မှုမှာ အိန္ဒိယဘက်က ရပ်ကွက်ခြောက်ခုကိုပစ်မှတ်ထားခဲ့တာကြောင့် အမျိုးသမီးများနဲ့ကလေးငယ်များစွာအပါအဝင် လူ ၂၆ ဦးသေဆုံးပြီး ၄၆ ဦးဒဏ်ရာရရှိတယ်လို့ဆိုထားပါတယ်။

အိန္ဒိယဘက်က ပါကစ္စတန်ထိန်းချုပ်မှုအောက်ရှိ ကက်ရှမီးယားဒေသနဲ့ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တို့ရှိအရပ်သားများကိုပစ်မှတ်ထားပြီး နေအိမ်များနဲ့ဗလီများကိုတိုက်ခိုက်ခဲ့တာလို့ ပါကစ္စတန်စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီးအာမတ်ရှာရစ်ချောင်ဒရီက ပြောထားပါတယ်။

အခုလိုမျိုးတိုက်ခိုက်မှုတွေလုပ်လာတဲ့အတွက် ပါကစ္စတန်ဘက်က အိန္ဒိယကိုလက်တုံ့ပြန်တိုက်ခိုက်မှု လုပ်ပိုင်ခွင့်ရှိပြီး သင့်လျော်ရာအချိန်မှာ သင့်လျော်တဲ့နေရာကို သင့်လျော်တဲ့နည်းလမ်းနဲ့လက်တုံ့ပြန်သွားမယ်လို့လည်း သူကဆက်ပြောပါတယ်။

**Xinhua**

## LoC မှာလည်း ပစ်ခတ်မှုများဖြစ် အရပ်သားသေဆုံးမှုများရှိ

အိန္ဒိယဘက်က ပါကစ္စတန်နိုင်ငံအတွင်းကိုဗုံးကြဲတိုက်ခိုက်မှုတွေလုပ်ဆောင်ပြီး နောက်မကြာမီမှာပဲ ကက်ရှမီးယားဒေသရှိ နှစ်နိုင်ငံနယ်စပ်ထိန်းချုပ်မျဉ်း(LoC)မှာ နှစ်ဖက်တပ်ဖွဲ့များကြား အပြန်အလှန်ပစ်ခတ်မှုများရှိတဲ့အတွက် အနည်းဆုံးအရပ်သားကိုးဦးသေဆုံးပြီး ၄၀ ကျော်ဒဏ်ရာရရှိသွားတယ်လို့ တာဝန်ရှိသူများကပြောပါတယ်။

အိန္ဒိယတာဝန်ရှိသူများကတော့ သူတို့အနေနဲ့ ပါကစ္စတန်ရဲ့ပစ်ခတ်တိုက်ခိုက်မှုများကို ထိရောက်စွာလက်တုံ့ပြန်နိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုမျိုးအပြန်အလှန်ပစ်ခတ်မှုမှာ သေဆုံးဒဏ်ရာရသွားသူတွေက ပွန်းခရိုင်မှဖြစ်တယ်လို့လည်းသိရပါတယ်။ ဒါ့အပြင် ဒီလိုမျိုးအပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုမှာ လူနေအိမ်ခြေများစွာလည်း ပျက်စီးဆုံးရှုံးသွားတယ်လို့ တာဝန်ရှိသူတွေက ပြောထားပါတယ်။

**Xinhua**

## ဒီဖြစ်စဉ်အပေါ် နိုင်ငံတကာရဲ့ တုံ့ပြန်မှု

အိန္ဒိယနိုင်ငံကတော့ အခုလုပ်တဲ့တိုက်ခိုက်မှုဟာ အကြမ်းဖက်သမားများရဲ့စခန်းများအပေါ် တိကျမှုရှိတဲ့တိုက်ခိုက်မှုများလုပ်ဆောင်တာဖြစ်ပြီး ပါဟယ်ဂမ်မြို့မှာ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ခဲ့တဲ့သူတွေအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်ခံရစေမယ်ဆိုတဲ့ အိန္ဒိယအစိုးရရဲ့ကတိစကားအတိုင်း လုပ်ဆောင်ခဲ့တာဖြစ်တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကသူ့အနေနဲ့ ဒီပြဿနာတွေဟာ အချိန်တိုအတွင်းပြီးဆုံးသွားဖို့မျှော်လင့်တယ်လို့ဆိုထားပါတယ်။ တစ်ချိန်တည်းမှာပဲ သူတို့အနေနဲ့ အိန္ဒိယ-ပါကစ္စတန်အခြေအနေကိုအနီးကပ်စောင့်ကြည့်ပြီး နျူကလီးယားလက်နက်ပိုင်အိမ်နီးချင်းနှစ်နိုင်ငံအနေနဲ့ ငြိမ်းချမ်းစွာဖြေရှင်းမှုဆီ ဦးတည်စေဖို့ကိုလုပ်ဆောင်သွားမယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောထားပါတယ်။

တရုတ်နိုင်ငံက အိန္ဒိယနဲ့ပါကစ္စတန်တို့အကြားဖြစ်ပွားနေတဲ့ပြဿနာများနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင်းဖော်ပြထားသလိုနှစ်နိုင်ငံစလုံးအနေနဲ့ တစ်ဖက်နဲ့တစ်ဖက်သည်းခံကြဖို့တိုက်တွန်းလိုက်ပါတယ်။ သူတို့နှစ်နိုင်ငံစလုံးအနေနဲ့ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကိုရှေးရှုဖို့၊ တစ်ဦးနဲ့တစ်ဦးသည်းခံကြဖို့နဲ့ ပြဿနာတွေပိုပြီးကြီးထွားလာစေမယ့်လုပ်ရပ်တွေကိုရှောင်ရှားကြဖို့ကိုတိုက်တွန်းတယ်လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

အလားတူ ဗြိတိန်၊ ပြင်သစ်၊ အစ္စရေးနဲ့ ယူအေအီးနိုင်ငံတို့ကလည်း အိန္ဒိယနဲ့ပါကစ္စတန်တို့အနေနဲ့ တစ်ဖက်နဲ့တစ်ဖက် ထိန်းထိန်းသိမ်းသိမ်းလုပ်ကြဖို့၊ ပြဿနာတွေ ဒီထက်ကြီးထွားမလာစေဖို့၊ လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခများနဲ့ တင်းမာမှုများကို သံတမန်ရေးနည်းလမ်း၊ စေ့စပ်ဆွေးနွေးရေးနည်းလမ်း၊ ငြိမ်းချမ်းမှုရှိသောနည်းလမ်းများဖြင့် ဖြေရှင်းလိုကြောင်းအသီးသီးထုတ်ပြန်ထားကြပါတယ်။

**NDTV**

**စုစည်းတင်ပြသူ - ကိုထက်**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် ရေယာဉ်၊ မော်တော်ယာဉ်များနှင့် ငါးဖမ်းစက်လှေများ ဖမ်းဆီးရမိ

## ဧပြီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများအား ငွေကျပ်(၂၁၁၈ ဒသမ ၅၇၀)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်

နေပြည်တော် မေ ၇


တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနကဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။



တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း သတင်းရရှိမှု (၁၀၁)ကြိမ် ရရှိခဲ့ပြီး သတင်းမှား (၅) ကြိမ်၊ နောက်ကျသတင်း (၄)ကြိမ်နှင့် ဖမ်းဆီးရမိမှု (၉၂)ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ (၂၀၇)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း (၆၅)မျိုးအပါအဝင် ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် (၁၀၅၉၂ ဒသမ ၈၅၄) သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် ရေယာဉ်၊ မော်တော်ယာဉ်များ၊ ငါးဖမ်းစက်လှေများအပါအဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် (၁၀၅၉၂ ဒသမ ၈၅၄)သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်(၂၁၁၈ ဒသမ ၅၇၀)သန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဖမ်းဆီးရမိမှု။




၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဖမ်းဆီးရမိမှု။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

## တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေ

နေပြည်တော် မေ ၇


တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မေလ ၅ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၉)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၀၉၁၉၈၄) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Isuzu Giga Truck (၂)စီး၊ Hino Profia Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၀၉၁၉၈၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၅ ရက်နှင့် ၆ ရက်**တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၃၁၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၆၆၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၆၆၂၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ **မေလ ၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကျော်ထက်မီးပွိုင့်အနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၄၂၄၆၀၁)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင်**မေလ ၇ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃)ရှိဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၉၆၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၈၅၆၃၂၀၅)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်းထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

# ပြည်ပသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်ပုစွန် ၉၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန်တင်ပို့နိုင်



ရန်ကုန် မေ ၇

မြန်မာ့ရေသယံဇာတထွက်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် ရေချိုမွေးမြူမှုနှင့်ရေငန်ဖမ်းဆီးမှုတို့ဖြင့် ထုတ်လုပ်ဖြန့်ချီတင်ပို့လျက်ရှိရာ ပင်လယ်ပြင်မှဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ တစ်ပိဿာ ငွေကျပ်နှစ်သိန်းခန့်ဖြင့် ပြည်ပပို့ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာသီပိတ်သိမ်းမည့် မေလ ၁ ရက်မတိုင်မီ ငါးဖမ်းစက်လှေများဖြင့် ရန်ကုန်မြို့ရှိစံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးနှင့် အခြားသော ဆိပ်ကမ်းများသို့ ရေငန်ပုစွန်နှင့်ပင်လယ်ငါးမျိုးစုံ ဝင်ရောက်ခဲ့သည်။

“မြန်မာနိုင်ငံကထွက်ရှိတဲ့ တိုက်ဂါးပုစွန်နဲ့ ပနားမီးပုစွန်ဖြူကို ပြည်ပဈေးကွက်တင်ပို့နိုင်တဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိနေပါတယ်။ ရေခံမြေခံကောင်းတဲ့ မြန်မာနိုင်ငံမှာ ရေရှည်ထုတ်ယူသုံးစွဲမယ်ဆိုရင် အကောင်းဆုံးမွေးမြူရေးကျင့်စဉ်တွေကို သိရှိနားလည်ဖို့လိုပါတယ်။ တစ်ချိန်က တိုက်ဂါးပုစွန်ကိုမျိုးထိန်းပြီးမျိုးကိုရောင်းချနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့သလို ယနေ့အချိန်မှာလည်း အဲဒီလို ပြန်လည်ဖော်ဆောင်ဖို့ လိုပါတယ်။ ဒါမှသာ ပင်လယ်ပြင်ရေသယံဇာတ အဝါရောင်အဆင့်မရောက်အောင် ထိန်းသိမ်းကာကွယ်နိုင်မှာပါ။ မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းတဲ့အတွက် သဘာဝနဲ့လိုက်လျောညီထွေပြီး မျိုးစိတ်ကိုထိန်းနိုင်တဲ့ မွေးမြူထုတ်လုပ်မှုကိုဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန်ပို့ကုန်ကဏ္ဍဟာ နှစ်ဆတင်ပို့နိုင်မှာပါ” ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်လျက်ရှိသည့် ပနားမီးပုစွန်ဖြူတို့ကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ပင်လယ်ပြင်မှဖမ်းဆီးရရှိသည့် အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပလေးနိုင်ငံသို့ တင်ပို့လျက်ရှိကာ မြိတ်ကျွန်းစုတွင်မွေးမြူသည့် ပနားမီးပုစွန်ဖြူအား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည်။

ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော တိုက်ဂါးပုစွန်များကို ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများတွင်အေးခဲပြီး တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယားသို့ အဓိကတင်ပို့လျက်ရှိသည်။ ငါးဖမ်းရာသီ မေလနှင့် ဇွန်လ နှစ်လတာပိတ်ထားချိန်၌ အအေးခန်းစက်ရုံများတွင် သိုလှောင်ထားရှိသည့် တိုက်ဂါးပုစွန်များ ပြည်ပမှာကြားမှုအပေါ် မူတည်၍တင်ပို့လေ့ရှိပြီး ငါးဖမ်းရာသီပိတ်သိမ်းချိန်၌ ပုစွန်ပို့ကုန်မှဈေးကောင်းရလေ့ရှိကြောင်း သိရသည်။

ရေထွက်ကုန်များ ပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုစွန် ၉၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် ဝိုက်ပုစွန်၊ ပင့်ပုစွန်နှင့် ရွှေလီပုစွန်တို့ကိုလည်း ပြည်ပသို့တင်ပို့လေ့ရှိပြီး အရသာကောင်းမွန်သော အနီရောင်တိုက်ဂါးပုစွန်များကို ပြည်ပနိုင်ငံများနှစ်ခြိုက်ကြ၍ ဈေးကောင်းရသော ရေထွက်ကုန်တစ်ခုအဖြစ် ရေငန်ပုစွန်ဈေးကွက်၌ နေရာရလျက်ရှိကြောင်း သိရသည်။ **မြဝတီ**


# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


နေပြည်တော် မေ ၇

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်တွင် ဆန်းဝင်းနိုင် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်ရှိ သက်မင်းဆွေ(ခ)ကျန်ကျောင်း၏နေအိမ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈၃ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၇၉ ဒသမ ၆ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် မေလ ၂ ရက် ညနေ ၃ နာရီတွင် သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအုပ်စု၊ ယင်းမာပင်ကျေးရွာအနီးတွင် စိုးလွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀၀ (တစ်ပြားလျှင် ငွေ ၁၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၅၀) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများလက်ခံမည့် တင်မော်ထွန်း(ခ)မော်ကြီး၊ သိန်းဇော်၊ ဝေဖြိုးကျော်(ခ)ကိုဖြိုး၊ သက်အောင်နှင့် သက်နိုင်စိုး(ခ)အငယ်လေးတို့ ၅ ဦးအား TOYOTA WISH မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ မောင်မောင်ဌေးနှင့် ဇော်လတ်မင်းတို့ ၂ ဦးအား ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၂၆၁/၅)နှင့် (၂၆၁/၄) ကြားတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေ ၁၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀၀)၊ MARK II မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ည ၈ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မလှညွန့်စိန်၊ မမေကြည်အေး နှင့် သန့်ဇင်ဖြိုး(ခ)ဌေးဝင်းတို့အား တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်ရှိ တည်းခိုခန်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား(တစ်ပြားလျှင် ငွေ ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သုည ဒသမ ၆၇၅ သိန်း)နှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **မြဝတီ**





စိုးလွင်၊ တင်မော်ထွန်း(ခ)မော်ကြီး၊ သိန်းဇော်၊ ဝေဖြိုးကျော်(ခ)ကိုဖြိုး၊ သက်အောင်၊ သက်နိုင်စိုး(ခ)အငယ်လေး၊ မောင်မောင်ဌေး၊ ဇော်လတ်မင်း၊ မလှညွန့်စိန်၊ မမေကြည်အေးနှင့် သန့်ဇင်ဖြိုး(ခ)ဌေးဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၃၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတွင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် သက်မွေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ ရေမြေနှင့်ရာသီဥတုအနေအထားအရလည်း စိုက်ပျိုးမွေးမြူရေးကို နိုင်ငံ့စီးပွားရေးတစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြပြီဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေး၏ လုပ်ငန်းသဘောသဘာဝအရ တိရစ္ဆာန်အစာအဖြစ် လယ်ယာထွက်ကုန်ကြွင်းများကို အသုံးပြုရသကဲ့သို့ မွေးမြူရေးလုပ်ငန်းမှထွက်ရှိသော ဇီဝမြေသြဇာများကိုလည်း စိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်အသုံးပြုရခြင်းဖြင့် အပြန်အလှန်အကျိုးသက်ရောက်မှုရှိနေသည်။ ထို့ပြင် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြင်းတို့တွင်လည်း စက်ကိရိယာအသုံးမပြုနိုင်သေးသော လယ်ယာမြေများအတွက် ကျွဲ/နွားများကို အသုံးပြုခြင်းအားဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောသဘာဝရှိပေသည်။



နိုင်ငံတွင်းရှိတိုးတက်များပြားလာသော လူဦးရေအချိုးအစားနှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် ဆန်၊ ဆီ၊ အသားငါး၊ နို့နှင့်ဥ စသည့် စားရေရိက္ခာဖူလုံရေးတို့အတွက် နိုင်ငံတော်အစိုးရမှလည်း မူဝါဒများချမှတ်လျက် ကာလတို၊ ကာလရှည်စီမံကိန်းများဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းသည့် အသား၊ နို့ ၊ ဥ ထုတ်လုပ်မှုကို ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပသွင်းကုန်လျှော့ချနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်၏ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ အသား၊ နို့၊ ဥ စားသုံးမှုဖူလုံပြီးနောက် ပိုလျှံသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း မွေးမြူထုတ်လုပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များဖြင့် အစဉ်တစိုက်ဆောင်ရွက်နေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၈)ရပ်ပါ စီးပွားရေးဦးတည်ချက်သုံးရပ်၏ ပထမဦးတည်ချက်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” ဆိုသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ်ခံယူ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုထုတ်ပြန်လျက် မွေးမြူထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများကို စီမံဆောင်ရွက်နေသည်။ ထိုကဲ့သို့ဆောင်ရွက်လျက်ရှိရာတွင် ဌာနအနေဖြင့် အစားအစာဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာထုတ်လုပ်နိုင်ရေးအတွက် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများနှင့်အညီ ဒေသမျိုးရင်းတိရစ္ဆာန်များကို မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်ခြင်း၊ နိုင်ငံခြားမျိုးကောင်းမျိုးသန့်များကို စိစစ်တင်သွင်းခြင်းနှင့် နိုင်ငံခြားမျိုးစစ်မျိုးသန့်များဖြင့် ဒေသမျိုးကောင်းများကို ထုတ်လုပ်မှုကောင်းသော တိရစ္ဆာန်မျိုးများအဖြစ် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အဓိကဖြစ်သော မျိုး၊ မြေ၊ ရေနှင့် နည်းပညာဆိုသည့် ဒေါက်တိုင် (၄)ရပ်ကိုအခြေပြုလျက် နိုင်ငံတော်၏ အသားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်စနစ်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏မျှော်မှန်းချက်မှာ ဖော်ပြပါအတိုင်းဖြစ်သည်–

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မျှော်မှန်းချက်**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့်အညီ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေရန်နှင့် မြို့ပြကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များကျဉ်းမြောင်းလာစေရန် မျှော်မှန်းသည်။

ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဌာန၏လုပ်ငန်းတာဝန်များမှာ ဖော်ပြပါအတိုင်းဖြစ်သည်–

(က) တစ်နိုင်ငံလုံး အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊
(ခ) တိရစ္ဆာန် မွေးမြူထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများကောက်ယူပြုစုခြင်း၊
(ဂ) တိရစ္ဆာန်ရောဂါ ကာကွယ်ကုသဆေးများ ထုတ်လုပ်ခြင်းနှင့်ရောဂါကာကွယ်ကုသရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊
(ဃ) စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊
(င) မျိုးကောင်းမျိုးသန့် တိရစ္ဆာန်တိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(စ) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လေ့ကျင့်ပညာပေးခြင်း၊ သုတေသနလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဆ) ပုဂ္ဂလိက မွေးမြူရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် မွေးမြူရေးဇုန်များဖော်ထုတ်ဆောင်ရွက်ခြင်း၊
(ဇ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် မွေးမြူရေးနှင့်သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊
(ဈ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်း ပို့ကုန်/သွင်းကုန် စစ်ဆေးထောက်ခံခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထိန်းသိမ်းစစ်ဆေးရေးစခန်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်သန်းသွားလာစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊
(ည) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ မွေးမြူရေးဘဏ်စနစ်အရ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း၊
(ဋ) စံပြမွေးမြူရေးခြံများထူထောင်၍ သိပ္ပံနည်းကျ မွေးမြူထုတ်လုပ်မှုဆောင်ရွက်ခြင်း။

**MSME နှင့် မွေးမြူရေးထုတ်ကုန်ကဏ္ဍ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် MSME ဆိုင်ရာ မွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်သုံးရပ်အနက် ဒုတိယဦးတည်ချက်ဖြစ်သည့် “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး” ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သိပ္ပံနည်းကျမွေးမြူရေးစနစ်များကို မွေးမြူထုတ်လုပ်သူများ စနစ်တကျလိုက်နာကျင့်သုံးနိုင်ရေးအတွက် “ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ (GAHPs)” ကို ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထုတ်ပြန်လျက်ရှိသည်–

(က) အရည်အသွေးကောင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်ယူရရှိရေး
(ခ) စားသုံးသူ ဘေးကင်းလုံခြုံရေး
(ဂ) တိရစ္ဆာန်များ သက်သာချောင်ချိရေး
(ဃ) မွေးမြူရေးခြံလုပ်သားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး
(င) ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင် အကျိုးပြု မွေးမြူထုတ်လုပ်မှုဖြစ်စေရေး
(စ) ပြည်တွင်းစားသုံးမှု ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ထုတ်ပြန်ထားရှိသည့် “ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ (GAHPs)” ကိုစနစ်တကျ လိုက်နာကျင့်သုံးသည့် မွေးမြူထုတ်လုပ်သူများအနေဖြင့် ဖော်ပြပါအကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်သည်–

## ဒေါက်တာရင်းမြစ်(မွေး/ကု)

(က) အရည်အသွေးကောင်းမွန်သော တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်ယူရရှိနိုင်ခြင်း၊
(ခ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းလာခြင်း၊
(ဂ) ဇီဝလုံခြုံမှုကောင်းမွန်လာပြီး သဘာဝပတ်ဝန်းကျင်အကျိုးပြု မွေးမြူရေးများဖြစ်ထွန်းလာခြင်း၊
(ဃ) မွေးမြူရေးခြံအလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းလာခြင်း၊
(င) တိရစ္ဆာန် သက်သာချောင်ချိရေးလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊
(စ) GAHP ထုတ်ကုန်ဈေးကွက်ဖြစ်ပေါ်၍ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်၍ ပြည်ပဈေးကွက်သို့တင်ပို့နိုင်ခြင်း။

**ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ(GAHPs)**

ထုတ်ပြန်ပြီးဖြစ်သည့် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ(GAHPs)ကိုးမျိုးမှာ ဖော်ပြပါအတိုင်းဖြစ်သည်။

(က) နို့စားနွားမွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(ခ) အသားတိုးနွားမွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(ဂ) ဆိတ်မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(ဃ) မိရိုးဖလာ ဝက်မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(င) ဝက်မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(စ) တိုင်းရင်းကြက်မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(ဆ) ဥစားကြက် မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(ဇ) အသားတိုးကြက် မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်
(ဈ) ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်

ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်ဆိုသည်နှင့်အညီ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူရေးသို့ တက်လှမ်းရာတွင် မွေးမြူမည့်တိရစ္ဆာန်မျိုး၊ မွေးမြူမည့်မြေ၊ မွေးမြူမည့် တိရစ္ဆာန်အမျိုးအစားနှင့် ကောင်ရေအလိုက် လိုအပ်မည့်သုံးရေနှင့် အာဟာရပြည့်အစာ၊ မွေးမြူရေးဆိုင်ရာနည်းစနစ်စသည်တို့ကို ဇီဝလုံခြုံမှုစနစ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး(ထိခိုက်မှုမရှိစေရန်ရည်ရွယ်၍) ဖြင့် မွေးမြူသူနှင့် စားသုံးသူနှစ်ဦးနှစ်ဖက် ဘေးအန္တရာယ်ကင်းရှင်းစွာ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန်လုပ်ငန်းစဉ်များ သတ်မှတ် ထုတ်ပြန်ပေးထားခြင်းပင်ဖြစ်သည်။ ဦးစီးဌာနကလည်း စီးပွားဖြစ်မွေးမြူသူများထံသို့ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်ရေး စည်းရုံးခြင်း၊ ပညာပေးပြုပြင်ပြင်ဆင်ပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် အဆိုပါ အသိအမှတ်ပြုလက်မှတ်ရခြံမှ ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပပို့ကုန်အဆင့်အထိ ထုတ်လုပ်တင်ပို့နိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၂၆ သို့ ■**

■ စာမျက်နှာ ၂၅ မှအဆက်

ယေဘုယျအားဖြင့်ဆိုပါလျှင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ကို ဖော်ပြပါအတိုင်း အပိုင်း(၇) ပိုင်းဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ထုတ်ပြန်၍ အဆိုပါအပိုင်းအလိုက် အမှန်တကယ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိကို ဌာနမှသတ်မှတ်ထားသော စိစစ်ရေးအချက်အလက်များဖြင့် စိစစ်ပြီး လိုက်နာဆောင်ရွက်ပါက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဖြစ်သည်-

**(က) မွေးမြူရေးခြံ**

မွေးမြူမည့် တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် လိုအပ်မည့် မြေနေရာအကျယ်အဝန်းနှင့် မြေအနေအထား၊ တရားဝင်မြေယာ အသုံးချမှု ရှိ၊ မရှိကို စိစစ်ပါသည်။

**(ခ) မွေးမြူရေးခြံအဆောက်အအုံနှင့် ခြံအထောက်အပံ့ပစ္စည်းများ၊ စားကျက်ဧရိယာ**

မွေးမြူမည့် တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် လိုအပ်မည့် ခြံအကျယ်အဝန်းနှင့် ခြံအဆောက်အအုံဒီဇိုင်း၊ လိုအပ်သည့် ခြံသုံးပစ္စည်း၊ အစာသိုလှောင်ရုံ၊ အာဟာရပြည့် တိရစ္ဆာန်စားကျက်စိုက်ခင်း မြေအနေအထားတို့ကို သတ်မှတ်ချက်အတိုင်းဆောင်ရွက်မှု ရှိ၊ မရှိကို စိစစ်ပါသည်။

**(ဂ) မွေးမြူရေးခြံစီမံခန့်ခွဲမှု (မျိုး၊ မြေ၊ ရေ၊ နည်းပညာ၊ လုပ်သား)**

မွေးမြူမည့် တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် မွေးမြူသည့်ခြံ၊ တိရစ္ဆာန်၊ တိရစ္ဆာန်အတွက် ရေ၊ အစာနှင့် ဆေးဝါး၊ နည်းပညာ၊ ခြံအလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်ဖန်တီးထားမှုစသည်တို့ကို သတ်မှတ်ချက်အတိုင်း ဇီဝလုံခြုံမှုစနစ်နှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိနှင့် လိုအပ်သည့် စာရင်းမှတ်တမ်းပြုစုခြင်း ရှိ၊ မရှိကို စိစစ်ပါသည်။

**(ဃ) တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ဆောင်ခြင်း**

မွေးမြူသည့် တိရစ္ဆာန်အမျိုးအစား အလိုက် သတ်မှတ်ထားသော တိရစ္ဆာန်သက်သာချောင်ချိရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိကို စိစစ်ပါသည်။

**(င) ဇီဝလုံခြုံမှု**

မွေးမြူသည့် တိရစ္ဆာန်အမျိုးအစား၊ ခြံမြေအနေအထားအလိုက် သတ်မှတ်ထားသော ဇီဝလုံခြုံမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိကို စိစစ်ပါသည်။

**(စ) ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု**

မွေးမြူသည့် တိရစ္ဆာန်အမျိုးအစား၊ ခြံမြေအနေအထားအလိုက် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိကို စိစစ်ပါသည်။

**(ဆ) မှတ်တမ်းများထိန်းသိမ်းခြင်း**

မွေးမြူမည့် တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် မွေးမြူသည့်ခြံ၊ တိရစ္ဆာန်၊ တိရစ္ဆာန်အတွက် ရေ၊ အစာနှင့် ဆေးဝါး၊ နည်းပညာ၊ ခြံအလုပ်သမားများအတွက် ဘဏ္ဍာငွေအရအသုံး စသည်တို့ကို သတ်မှတ်နည်းစနစ်အတိုင်း သတ်မှတ်ကာလအလိုက် မှတ်တမ်း၊ စာရင်းများနှင့်အညီဆောင်ရွက်မှု ရှိ၊ မရှိကို စိစစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူထုတ်လုပ်သူများထံသို့ အဆိုပါထုတ်ပြန်ပြီး ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ(GAHPs) နှင့်အညီ လိုက်နာကျင့်သုံးစေရေး စည်းရုံးခြင်း၊ ပညာပေးခြင်း၊ အကြံပြုနည်းပညာပေးခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းတို့ကို လုပ်ငန်းစဉ်(SOPs) အဆင့်အတိုင်း စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

အသားကဏ္ဍအတွက် ထုတ်လုပ်သည့် တိရစ္ဆာန်ထုတ်ကုန်အလိုက် MSME ဆိုင်ရာ သိကောင်းစရာများကို ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ (GAHPs)နှင့်အညီ ဆက်လက်ဖော်ပြသွားပါမည်။ ။

# MSME ထုတ်ကုန်များ လူသုံးကုန် စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းများအား သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေး

နေပြည်တော် မေ ၇

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့်ပြည်သူများအား MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း ၁၀၇ မျိုးတို့ကို မေလ ၆ ရက်တွင် ဒုတိယနေ့အဖြစ် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့သို့ သွားရောက်ရောင်းချပေးပြီး ကျန်ရှိနေသေးသည့်ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နေပြည်တော်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ပြည်သူများ၏ စားဝတ်နေရေးအခက်အခဲများ ပြေလည်စေရန်အတွက် အခြေခံစားသောက်ကုန်များလှူဒါန်းပေးခြင်းအပြင် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းစသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို သက်သာသောဈေးနှုန်းဖြင့် ယခုလိုလှည့်လည်ရောင်းချပေးခြင်းဖြစ်ပြီး အဆိုပါဈေးရောင်းချခြင်းကို တစ်လကြာရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (ဝ၁၃)



# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပ



တောင်ကြီး မေ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ မေလ ၇ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ လွိုင်လင်ခရိုင်အမျိုးသားဘော်လီဘောအသင်းနှင့် တောင်ကြီးခရိုင်အမျိုးသားဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်နေမှုကို တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ ကလော၊ မိုင်းဆတ်ခရိုင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ပြိုင်ပွဲဝင် အမျိုးသားအသင်းခုနစ်သင်း၊ အမျိုးသမီးအသင်း ခုနစ်သင်းတို့က မေလ ၇ ရက်မှ ၁၁ ရက်အထိယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၀၅)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၂၅ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| | | မေတ္တာပို့ |
| | | ဓမ္မပူဇာတေး |
| | | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| | | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| | | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| | | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| | | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| | | သီချင်းလက်ဆောင် |
| ၇။ | ၁၃:၀၀ | မျှဝေဆွေးနွေး လူငယ့်အရေး |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| | | ကျင့်ကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ |
| ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၃။ | ၁၈:၄၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၄။ | ၁၈:၅၀ | စိုက်ပျိုးသုတ |
| ၁၅။ | ၁၉:၀၀ | The Unknown War အပိုင်း(၄) |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ချယ်လ်ဆီးအသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှစ်ခုကို ကွင်းလယ်ကစားသမား ကိုင်စီဒို ဆွတ်ခူး



**လန်ဒန် မေ ၇**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချယ်လ်ဆီးအသင်း၏ တစ်နှစ်တာ အကောင်းဆုံးဆုများပေးအပ်ပွဲအခမ်းအနားတွင် ချယ်လ်ဆီးအသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှစ်ခုကို အဓိက ကွင်းလယ်ကစားသမားကိုင်စီဒိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း၏ တစ်နှစ်တာ အကောင်းဆုံးဆုများပေးအပ်ပွဲအခမ်းအနားတွင် ကိုင်စီဒိုသည် အဓိကဆုနှစ်ခုဖြစ်သော ချယ်လ်ဆီးအသင်းပရိသတ်များက ရွေးချယ်ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် အသင်းဖော်များက ရွေးချယ်ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုတို့ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် ကိုင်စီဒိုသည် ၂၀၂၃ ခုနှစ်က ဘရိုက်တန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြနေသူဖြစ်ပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းကွင်းလယ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ကာ ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ပရိသတ်များကရွေးချယ်ပေးအပ်သော တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုဖြစ်သည့် Player of the Season ဆုနှင့် အသင်းဖော်များက ရွေးချယ်ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုဖြစ်သည့် Player's Player of the Season ဆုတို့ကို တစ်ပြိုင်တည်းဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုင်စီဒိုသည် တစ်နှစ်အတွင်း Player of the Season ဆုနှင့် Player's Player of the Season ဆုတို့ကို တစ်ပြိုင်တည်းဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကိုးလ်ပယ်မာ၊ ဟာဇက်နှင့် သီယာဂိုဆေးလ်ဗားတို့ပြီးလျှင် အဆိုပါဆုနှစ်ခုကို တစ်နှစ်အတွင်း ဆွတ်ခူးနိုင်သည့် စတုတ္ထမြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ချယ်လ်ဆီးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုပေးပွဲအခမ်းအနားတွင် တခြားဆုများအဖြစ် ချယ်လ်ဆီးအမျိုးသမီးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား အဲရစ်ကုဘတ်က ဆွတ်ခူးနိုင်ခဲ့ပြီး အသင်းဖော်များက ရွေးချယ်ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဘီယွန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ***Ref;Football London***

## ဝက်စ်ဖို့ဒ်အသင်းက နည်းပြ ကလီဗာလေကို ရာထူးမှထုတ်ပယ်

**လန်ဒန် မေ ၇**

အင်္ဂလန်ချန်ပီယံရှစ်ကလပ် ဝက်စ်ဖို့ဒ်အသင်းက ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ တက်ရောက်ခွင့်နှင့် လွဲချော်ခဲ့ပြီးနောက် အသင်းနည်းပြ ကလီဗာလေကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် မန်ယူအသင်းကစားသမားဟောင်း ကလီဗာလေသည် ၂၀၂၃ ခုနှစ်က ဝက်စ်ဖို့ဒ်လူငယ်အသင်းနည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လက ဝက်စ်ဖို့ဒ်အသင်းယာယီနည်းပြအဖြစ် စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ယခုဘောလုံးရာသီတွင် အမြဲတမ်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည်။

နည်းပြ ကလီဗာလေသည် ယခုဘောလုံးရာသီတွင် ရာသီအစ ၁၅ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး အသင်းအနေဖြင့် ရလဒ်များဆိုးရွားလာခဲ့ပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် ၁၆ ပွဲနိုင်၊ ကိုးပွဲသရေ၊ ၂၁ ပွဲရှုံး ရမှတ် ၅၇ မှတ်ဖြင့် အဆင့် (၁၇) နေရာ၌သာ ရပ်တည်နိုင်ခဲ့သည့်အတွက် ဝက်စ်ဖို့ဒ်အသင်းက ရာသီအကုန်တွင် နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြကလီဗာလေသည် ဝက်စ်ဖို့ဒ်အသင်းကို ၅၉ ပွဲကိုင်တွယ်ခဲ့ရာ ပွဲ ၂၀ နိုင်၊ ၁၄ ပွဲသရေ၊ ၂၅ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။ ***Ref;Goal.com***

# ရီးယဲလ်မက်ဒရစ်အသင်းက အာဆင်နယ်အသင်းမှ ဗဟိုခံစစ်ကစားသမားဆလီဘာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၅ သန်းအထိပေးချေပြီး ခေါ်ယူရန်ပြင်ဆင်

**မက်ဒရစ် မေ ၇**

ရီးယဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းမှ တောင်ပံခံစစ်ကစားသမား အာနိုးကို ခေါ်ယူနိုင်ခဲ့ပြီးနောက် အာဆင်နယ်အသင်းမှ ဗဟိုခံစစ်ကစားသမား ဆလီဘာကိုလည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၅ သန်းအထိပေးချေပြီး ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီ၌ အသင်းခံစစ်ပိုင်းတွင် ရူဒီဂါ၊ အလာဘာ၊ မီလီတာအို၊ ကာဗာဂျယ်၊ ဗက်စ်ကွက် စသည့် ဝါရင့်ခံစစ်ကစားသမားများအနေဖြင့် ဒဏ်ရာပြဿနာများနှင့်တွေ့ကြုံခဲ့ရပြီး လူငယ်ကစားသမားများကိုသာ အားထားနေရသောကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လိုအပ်ချက်များရှိနေသည့် အသင်းဗဟိုခံစစ်ပိုင်းအတွက် အာဆင်နယ်အသင်းမှ ဆလီဘာကိုခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းဗဟိုခံစစ်နေရာ၌ မီလီတာအိုအနေဖြင့် ဒဏ်ရာကြောင့် မည်သည့်အချိန်တွင်ပါဝင်နိုင်မည်ကို မသိရှိရသေးဘဲ ရူဒီဂါအနေဖြင့်လည်း အသက်အရွယ်အပိုင်းအခြားကြောင့် ရုန်းကန်နေရသကဲ့သို့ အလာဘာသည်လည်း ဘောလုံးရာသီအကုန်တွင် လမ်းခွဲမည်ဖြစ်သောကြောင့် အသင်းဗဟိုခံစစ်ပိုင်းအတွက် ဆလီဘာကိုခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် ဆလီဘာသည် ၂၀၂၂ ခုနှစ်က အသင်းနှင့်ပြန်လည်ပူးပေါင်းသည့်အချိန်မှ စတင်ပြီး ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ လက်ရှိအကောင်းဆုံး ဗဟိုခံစစ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည့်အတွက် အာဆင်နယ်အသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသော်လည်း လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းက အေးဂျင့်ဖြစ်သူနှင့်တွေ့ဆုံ၍ ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး စတာလင်ပေါင် ၈၅ သန်းအထိ ပေးချေ၍ ခေါ်ယူရန်အသင့်ရှိနေကြောင်း သိရသည်။

***Ref;Fabrizio Romano***

# အယ်ဟီလယ်အသင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် နည်းပြမော်ရင်ဟိုကိုခန့်အပ်ရန် ကြိုးပမ်းနေ

**ရီယက် မေ ၇**

ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းက အသင်းနည်းပြရာထူးမှ နည်းပြဂျီးဆပ်နုတ်ထွက်ပြီးနောက် လစ်လပ်နေသည့်နည်းပြရာထူးအတွက် လက်ရှိ ဖီနာဘာချီအသင်းနည်းပြမော်ရင်ဟိုကို ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

အယ်ဟီလယ်အသင်းသည် ယခုဘောလုံးရာသီတွင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသကဲ့သို့ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင်လည်း အဆင့်(၂)နေရာ၌သာရပ်တည်နေပြီး ချန်ပီယံဆုကိုလက်လွှတ်ရရန် နီးစပ်နေကာ ဆုဖလားလက်မဲ့ရာသီနှင့်တွေ့ကြုံရန် နီးစပ်ခဲ့ပြီးနောက် နည်းပြဂျီးဆပ်က အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလက တူကီယဲလ် ထိပ်တန်းကလပ်အသင်းဖြစ်သည့် ဖီနာဘာချီအသင်းကို စတင်တာဝန်ယူကိုင်တွယ်နေသူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် ဖီနာဘာချီအသင်းမှထွက်ခွာဖွယ်ရှိနေသည့်အတွက် အယ်ဟီလယ်အသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုများကို ပြန်လည်စိန်ခေါ်နိုင်ရန်အတွက် ဥရောပမှ ထိပ်တန်းနည်းပြတစ်ဦးကိုခန့်အပ်ရန်ကြိုးပမ်းနေပြီး လက်ရှိတွင် နည်းပြမော်ရင်ဟိုအပြင် ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးလ်ဗား၊ နော်တင်ဟမ်အသင်းနည်းပြ နူနိုဆန်းတို့စ်၊ အေစီမီလန်အသင်းနည်းပြဟောင်း အယ်ဂရီနီနှင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီကိုလည်း ပစ်မှတ်ထားနေကြောင်း သိရသည်။

***Ref;Goal.com***




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
VEGA
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁



AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအစစ်မို့ အရသာရေး စိတ်ရှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Lemon Tea
Tea Mix
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ထာဝရလှပသော အပြုံးအတွက်
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Ca
Q10
A
B
C
D

❐ ကျောဖုံးမှအဆက်

၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ကန့်ဘလူမြို့နယ်၊ သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာများရရှိ

နေပြည်တော် မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက မေလ ၆ ရက် နံနက်ပိုင်းတွင် Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ်၊ သင်ပေါင်းကျင်း ကျေးရွာအတွင်းသို့ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။




ဖြစ်စဉ်မှာ မေလ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ကန့်ဘလူမြို့နယ်၊ သင်ပေါင်းကျင်းကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများကျရောက်ပေါက်ကွဲမှုကြောင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများနေထိုင်ရာကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်းနှင့်၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society
ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
လူသားချင်းစာနာထောက်ထား ကိုယ်ကြက်ခြေနီများ
On the side of HUMANITY
၂၀၂၅ ခုနှစ်၊ မေလ (၈) ရက်

## ထူးခြားသည့် နေ့အပူချိန်များ

၇-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.2.Med&Med Supplies and Reagents (2025-2026)
တင်ဒါစတင်သည့်ရက် - ၇-၅-၂၀၂၅ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၆-၆-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ(၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဇဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန(ECC)မှ ခွင့်ပြုမှုနှင့် လိုအပ်သောစက်ပစ္စည်းနှင့်ပရိဘောဂပစ္စည်း(၃၄)မျိုးအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.3.Equipment(2025-2026)
တင်ဒါစတင်သည့်ရက် - ၇-၅-၂၀၂၅ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၆-၆-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၆-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၁၉-၅-၂၀၂၅ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၃/မမ/CME | - RDO-40(200 Liters/Drum)- 1500 Drums<br>- Engine Oil 15 W 40 (CI-4)(200 Liters/Drum)- 180 Drums<br>- Grease EP-3 (180 kg/ Drum) - 50 Drums ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၂-၅-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၈-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဝယ်ယူမည့် လုပ်ငန်းသုံးစက်ပစ္စည်း(၂၂)မျိုး၊ ရုံးသုံးပစ္စည်း(၃)မျိုး၊ အဆောက်အဦနှင့်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၆)ခုနှင့် QA/QC လုပ်ငန်းတို့အတွက် မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်ရက် - ၇-၅-၂၀၂၅ မှ ၂၀-၅-၂၀၂၅
(ခ) တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၁-၅-၂၀၂၅(၁၆:၀၀)နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဖုန်း(၀၉-၈၈၄၂၃၅၉၃၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## (ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ တင်ဒါကော်မတီသည် ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုမည့်လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါဝယ်ယူရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-
(က) လျှောက်လွှာဝယ်ယူနိုင်သည့်ရက်နှင့် PO ပေးသွင်းရမည့်ရက် - (၉-၅-၂၀၂၅)မှ(၂၂-၅-၂၀၂၅)ရက်နေ့အထိ
(ခ) တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန် - (၂၃-၅-၂၀၂၅)ရက်နေ့၊ သောကြာနေ့၊ (၁၃:၀၀)နာရီ
(ဂ) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ

၃။ အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၉-၅-၂၀၂၅)မှ(၂၂-၅-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ စွယ်စုံကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၄/၂၀၂၅ ပညာသင်နှစ်(Grade-5)တွင် ပညာသင်ကြားခဲ့သော မလင်းလက်ထွေး၏ဖခင်အမည်မှန်မှာ ဦးအောင်စိုး(ကွယ်လွန်)ဖြစ်ပါကြောင်း။

**ဦးအောင်စိုး**

### ပျောက်ဆုံးကြောင်း

မဗေဒါဖင်(ဘ)ဦးဝင်းကြည် ၁၀/ဘလန(နိုင်)၁၁၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မအေးသဇင်ခိုင်(ဘ)ဦးထွန်းမြင့် ၁၀/မဒန(နိုင်)၂၄၄၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မအိဖြိုးနွယ်(ဘ)ဦးချစ်ထွန်း ၁၀/ရမန(နိုင်)၁၁၄၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မောင်ထွန်းလင်းအောင်(ဘ)ဦးအောင်သိန်း ၁၀/ကထန(နိုင်)၂၁၃၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မသန္တာစိုး(ဘ)ဦးကျော် ၁၀/ပမန(နိုင်)၁၅၅၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မလုရီ(ဘ)ဦးထွန်းတင် ၁၀/မဒန(နိုင်)၂၇၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မိချမ်းတလူ(ဘ)ဦးအောင်မိုး ၁၀/ခဆန(နိုင်)၁၅၉၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မောင်ဇင်ကိုဦး(ဘ)ဦးကျော်ဇင်ဦး ၁၀/ခဆန(နိုင်)၁၄၁၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မပြည့်ပြည့်ဝင်း(ဘ)ဦးတိုးလွင် ၅/ကနန(နိုင်)၁၀၇၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

ဦးစိုးသက်ပိုင်(ဘ)ဦးဝင်းဆွေ ၉/တကန(နိုင်)၁၃၇၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 889682)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

မအေးအေးသန်း(ဘ)ဦးသန်းမောင် ၉/မကန(နိုင်)၀၇၁၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 655265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

မင်းအောင်ပြည့်စုံ(ဘ)ဦးလှအောင် ၁၀/ခဆန(နိုင်)၁၁၇၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

ဒေါ်ငွေငွေဝင်း(ဘ)ဦးလွန်းခင် ၁၀/မလမ(နိုင်)၁၀၆၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၂၀)၊ ရပ်ကွက်(၅)နေ မမြင့်မြင့်အေး(ဘ)ဦးအိုက်လူ ၁၃/လရန(နိုင်)၁၈၄၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၅၀၅၅၅၅

### ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့၊ ဆပ်ခင်းကျေးရွာနေ ဒေါ်ခင်မျိုးချစ်(ဘ)ဦးဟံသာ ၉/ဝတန(နိုင်)၁၉၆၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 206596)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၄၃၀၀၁၈

### ပျောက်ဆုံးကြောင်း

အောင်ဘိုဘိုထူး(ဘ)ဦးအုန်းကြည် ၁၂/ဗတထ(နိုင်)၀၃၆၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၅၀၀၇၇

### ပျောက်ဆုံးကြောင်း

ဖြိုးမောင်မောင်(ဘ)ဦးမောင်မောင် ၇/ပခန(နိုင်)၅၄၈၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ညီညီမောင်(ဘ)ဦးခင်မောင် ၉/ပဘန(နိုင်)၂၈၀၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၃၇၃၈၈၉

❖ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင်အခြေခံ . . .

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

မိုးကြီးမည့်သတိပေးချက်ထုတ်ပြန်

# မေလ ၁၀ ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော် မေ ၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မေလ ၁၀ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ❒



တရားခံများအား သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၉၈ ကီလိုဖမ်းဆီးရမိ

နေပြည်တော် မေ ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၅ ရက်နေ့ နံနက် ၇ နာရီခွဲအချိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်တွင် လီလောက်စေး မောင်းနှင်ပြီး လောက်စန် လိုက်ပါလာသည့် TOYOTA REVO ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၉၈ ကီလိုဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

## လူသားချင်းစာနာမှုဖြင့် စောင့်ရှောက်ပေးနေသော ကြက်ခြေနီအသင်းကြီး

စာ - ၁၄ သို့

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar